# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇွန်လ ၂၀၂၃ ခုနှစ်

Human Right Foundation of Monland June,2023

# မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် စစ်ကောင်စီ၏ အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်တိုက်ခိုက်မှုများက ထောင်နှင့်ချီသော စစ်ရှောင်များ ဖြစ်ပေါ်စေသည်။

## ဇွန်လ ၂၀၂၃

စစ်အုပ်စု၏ မရပ်မနား တိုက်ခိုက်မှုများကို ခံနေရသောကြောင့် မြန်မာနိုင်ငံမှ အရပ်သားများ၏ လုံခြုံရေးနှင့် စိတ်ချမ်းသာရေးတို့မှာ ဆက်လက် တိုက်ခိုက်ခံနေရဆဲ ဖြစ်သည်။ ထိခိုက်လွယ်ဆုံးသူများ အပါအဝင် ဘေးအန္တရာယ်ကျရောက်နိုင်သူတို့အား ကာကွယ်စောင့်ရှောက်ရေးမှာ ဦးစားပေးအဖြစ် ရှိရပေမည်။ မွန်ပြည် လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM) အပါအဝင် လူထု လူမှု အဖွဲ့အစည်းများ၏ တောင်းဆိုချက်များက မြေပြင်တွင်ရှိသော ဒီမိုကရေစီ လိုလားသော အင်အားစုများကို ပံ့ပိုးရမည်ဟု ညွှန်ပြနေပေသည်။ ယင်းတွင် နယ်စပ်ဖြတ်ကျော် အကူအညီများကို ချောမွေ့စေရန်အတွက် ဒေသခံ အဖွဲ့အစည်းများအား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပေးခြင်းတို့ ပါဝင်သည်။

စစ်အုပ်စု၏ ကျယ်ပြန့်လှသော ရာဇဝတ်မှုများ၏ အထောက်အထားများကို ပေးနေသော မရေမတွက်နိုင်သော အစီရင်ခံစားများနှင့် ဆက်လက်လုပ်ဆောင်နေသော လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းများရှိနေသော်လည်း နိုင်ငံတကာ အသိုင်းအဝိုင်းက အရေးပေါ်လိုအပ်မှုနှင့်အညီ အရေးယူဆောင်ရွက်ရန် နှောင့်နှေးနေဆဲပင်ဖြစ်သည်။ ယခုလအတွင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် နိုလင်းဟေဇာ (Noeleen Heyzer) က လပေါင်း နှစ်ဆယ်ကြာ တာဝန်ယူခဲ့ရာမှ တာဝန်မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ နောက်ဆုံးတွင် စစ်ကောင်စီက လုပ်ဆောင်နေသော ထိုးစစ်များကို ရပ်တန့်ရန် ကြိုးပမ်းချက် မအောင်မမြင်ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UN OCHA Myanmar)၊ ကုလသမဂ္ဂ နိုင်ငံတကာကလေးများ ရံပုံငွေအဖွဲ့ (ယူနီဆက် -UNICEF)၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ (FAO) နှင့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (IOM) တို့အပါအဝင် ကုလသမဂ္ဂ အဖွဲ့အစည်းအများအပြားနှင့် အတူ သူမသည် စစ်ကောင်စီနှင့် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဘန်ကီမွန်း (Ban Ki-Moon) သည်ပင်လျှင် နိုင်ငံအတွင်း ငြိမ်းချမ်းရေးကို မြှင့်တင်ရန် အကြမ်းဖက်မှူးချုပ် မင်းအောင်လှိုင်နှင့် စကားပြောခဲ့သည်။ စစ်ကောင်စီ၏ ကျယ်ကျယ်ပြန့်ပြန့် ငြင်းဆိုချက်များကို အကြမ်းမဖက်သော တုန့်ပြန်ချက်များအပေါ် စစ်တပ်က ဂရုစိုက်မှု မရှိခြင်းကြောင့် အဖြေရှာရန် ကြိုးပမ်းချက်များအားလုံး ရေစုန်မျောခဲ့ရသည်။

၂၀၂၃ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော လူထုအာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) အပေါ် ရွှေ့ပြေးအသံ၏ ပူးတွဲ ရှင်းလင်းချက် စာတမ်းတွင် မှတ်ချက်ပြုထားသကဲ့သို့ ကုလသမဂ္ဂ၏ တုန့်ပြန်မှုများသည် ဆယ်စုနှစ်များစွာ ကြာအောင် စစ်တပ်နှင့် ထိတွေ့ဆက်ဆံခဲ့သော မြန်မာနိုင်ငံ မြေပြင်တွင် ရှိသော သူများနှင့် အတူတကွ လုပ်ဆောင်မှုများနှင့် နားထောင်မှုများမှ ထွက်ပေါ်လာရမည်ဖြစ်သည်။ CDM လှုပ်ရှားမှု ရေရှည်တည်တံ့ခိုင်မြဲရေးသည် နွေဦးတော်လှန်ရေး၏ အခြေခံကျသော ထောက်တိုင် တစ်ခု ဖြစ်သည်ကို ထောက်ပြထားသော တွေ့ရှိချက်များကို ရေးသည်းခဲ့သည့် လူထုလူမှု အဖွဲ့အစည်း ၁၈ ဖွဲ့နှင့် HURFOM သည် ပူးပေါင်းခဲ့သည်။ ထိုတွေ့ရှိချက်များကို လျစ်လျူရှု၍ မရနိုင်ပါ။ ကုလသမဂ္ဂ

နှင့် အခြား နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေး အဆုံးသတ်စေရန်အတွက် သူတို့ကိုယ်တိုင်၏ ဘေးကင်းလုံခြုံမှုနှင့် လုံခြုံရေးကို အနစ်နာခံထားသော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အသံများကို နားထောင်ရန် စိတ်ပိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ တာဝန်များ ရှိနေပေသည်။

စစ်ကောင်စီ တပ်ဖွဲ့များက နယ်မြေအတွင်း ဆန်နှင့် အစားအစာများကို ကန့်သတ်ထိန်းချုပ်ထားသဖြင့် တိုက်ပွဲများမှ ထွက်ပြေးလာသော မိသားစုဝင်များသည် အစာငတ်မွတ်မှုနှင့် ရေရှားပါးမှုကို ရင်ဆိုင်နေရသည်ဖြစ်ရာ အသက်ရှင်ရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသည်။ ဧပြီလကုန်ပိုင်းမှ စ၍ ယနေ့ ဇွန်လအစပိုင်းအထိ ထားဝယ်အရှေ့ပိုင်းခရိုင်အတွင်း ရွာပေါင်း ဆယ့်နှစ်ရွာမှ ဒုက္ခသည် ၅၀၀၀ ကျော်မှာ ပိတ်မိနေသည်။ စစ်ကောင်စီ တပ်ဖွဲ့များ၏ ကြီးမားသော ထိုးစစ်နှင့် ဒေသခံများအပေါ် လက်နက်များဖြင့် ဆက်လက်ပစ်မှတ်ထားနေသောကြောင့် သူတို့သည် အစားအစာနှင့် ရေပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရသည်။

၎င်းတို့၏ တိုက်ခိုက်မှုများတွင် လေကြောင်းတိုက်ခိုက်မှုများ အပါအဝင် လက်နက်ကြီးများ ပါဝင်သည်။

“ပြီးခဲ့တဲ့ မေတစ်လထဲမှာပဲ ထားဝယ်ခရိုင်ထဲက ဒေသခံ ၃၀၀၀ ကျော် တိုက်ပွဲတွေကြောင့် ထွက်ပြေးခဲ့တယ်။ ဒီနယ်မြေကို ဝင်တဲ့ လမ်းတွေအားလုံးကို ပိတ်ထားလိုက်ပြီး စစ်တပ်က စစ်ဆေးမှုတွေ လုပ်တာကြောင့် ကျွန်တော်တို့တွေ အချိန်အကြာကြီး ဆန်နဲ့ တခြားအစားအသောက်တွေ မသယ်နိုင်ဘူး။ အဓိကအားဖြင့် ရွာကနေ ဒီနေရာကို။ ဒါကြောင့် ကျွန်တော်တို့ အကြားမှာ ရှိတာလေးတွေကို မျှဝေစားသောက်ရတဲ့ အခြေအနေမျိုး ရောက်လာတယ်။ အခုဆိုရင် လူကြီးတွေနဲ့ ကလေးတွေအတွက် အဟာရ လိုအပ်ချက်က တိုးလာနေတယ်။ အားနည်းတဲ့ ကလေးတွေကြားမှာ နာမကျန်းတာများလာတယ်။ အန္တရာယ် အများဆုံးလို့ စိုးရိမ်တာကတော့ အခုမိုးရာသီမှာ သွေးလွန်တုတ်ကွေးနဲ့ ငှက်ဖျားနဲ့ ပတ်သက်တာပဲ ဖြစ်တယ်။” ဟု စစ်ရှောင်များ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်နေသည့် အမည်မဖော်လိုသူ တစ်ဦးက ပြောသည်။

ထို ပဋိပက္ခ သက်ရောက်မှုကြောင့်ဖြစ်လာသော ဒုက္ခသည်များမှာ ရေဖြူမြို့နယ်မှ ဒေသခံများ ဖြစ်ပြီး သူတို့မှာ တနင်္သာရီတိုင်းအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကို ပထမဦးဆုံး ခံရသူများလည်း ဖြစ်သည်။ ခမြောင်းချောင်း၊ ဝက်ချောင်း၊ အိကနဲ၊ ပဂေါ်စွန်း၊ မူဒူ၊ ဘဝါ၊ နှင့် နပုလယ် ကျေးရွာများမှ ဒေသခံ ၃၀၀၀ ကျော်မှာ အတင်းအဓမ္မ နေရာ ရွှေ့ပြောင်းခြင်း ခံခဲ့ရသည်။ လေကြောင်း တိုက်ခိုက်မှုများကြောင့် သူတို့မှာ စစ်အုပ်စု စစ်တပ် အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခံရသည်၊ ဖမ်းဆီးခံရသည်၊ ထို့နောက် သတ်ဖြတ်ခံရသည်။ ယင်းတို့သည် ရွာသားများ၏ အိမ်များ မီးရှို့ခံရခြင်းကို ဖြစ်စေပြီး သူတို့ ထွက်ပြေးကြရသည်။

“စစ်ကောင်စီ တပ်ဖွဲ့တွေ အဓိက ဖြတ်တောက်တာက ဆန်၊ ရိက္ခာခြောက်၊ နှင့် တော်လှန်ရေး အုပ်စုများအတွက် အထောက်အကူဖြစ်စေမယ့် အခြား အရာများ သယ်ဆောင်တာကို ဖြစ်တယ်” ဟု အစည်းအဝေး တစ်ခုအတွင်း ရေဖြူ မြို့နယ် ဒေသခံ လူငယ်တစ်ဦးက ပြောသည်။

## ဇွန်လ ၂၀၂၃

ထားဝယ် အရှေ့ပိုင်း ဒုက္ခသည် ကူညီရေး အုပ်စုတစ်ခုမှ စီမံခန့်ခွဲသူတစ်ဦးက *"ကျွန်တော်တို့ ဘက်က ဒုက္ခသည်တွေ အတွက်တော့ အခုချိန်မှာ ပြန်သွားဖို့ အနေအထား မရှိသေးပါဘူး။ ကြားရတာက တပ်ရင်းတွေ အခြေစိုက်တဲ့ နေရာတွေမှာ လက်နက်ကြီးတွေ တပ်ဆင်နေတယ်။ ကျွန်တော်တို့ ရိက္ခာ ပြတ်နေတာ အချိန်ကြာနေပါပြီ။ အိမ်ထောင်စုတွေက ပိုပိုပြီး တောထဲက အသီးအရွက်တွေ အပေါ် မှီခိုလာနေကြရပါတယ်။ ဒီနေရာကို ရောက်ဖို့ မဖြစ်နိုင်ပါဘူး၊ ဘာလို့လဲဆိုရင် စစ်ကောင်စီက အားလုံးကို ဖြတ်တောက်ထားပါတယ်။"*

မြေပြင် ကွင်းဆင်းအဖွဲ့မှ ရရှိထားသည့် အချက်အလက်များအရ ထားဝယ်မြို့နယ်အတွင်း စစ်အာဏာသိမ်းပြီးနောက် စစ်ပွဲများမှ ထွက်ပြေးရသော လူဦးရေမှာ ၃၅၈ ဦး၊ လောင်းလုံးမြို့နယ်တွင် အမြဲတမ်း ဒုက္ခသည် ၅၀၀၀ နှင့် ယာယီ ဒုက္ခသည် ၅၀၀၀ ဦးတို့ ရှိသည်။ ပုလောမြို့နယ်တွင် အမြဲတမ်း ဒုက္ခသည် ၂၆၀၀ ကျော်နှင့် ယာယီ ဒုက္ခသည် ၁၀,၀၀၀ ကျော်ရှိသည်။ တနင်္သာရီ မြို့နယ်တွင် အမြဲတမ်း ဒုက္ခသည်များအပါအဝင် အိုးအိမ်စွန့်ခွာ ထွက်ပြေးလာသော ရွာသား ၅၀၀၀ ခန့်ရှိသည်။ သရက်ချောင်းမြို့နယ်တွင် စစ်ရေး အခြေအနေမှာ အေးချမ်းလျက်ရှိသော်လည်း စစ်အုပ်စုက အစားအစာ၊ ဆက်သွယ်ရေးနှင့် သွားလာမှုများကို ဖြတ်တောက် တင်းကြပ်ထားသည်။

တာဝန်ခံမှု နည်းပါးခြင်းကြောင့် ဒေသခံ ပြည်သူများမှာ သူတို့၏ အသက်များ ဘေးကင်းလုံခြုံရေးကို စိုးရိမ်နေကြပြီး စစ်အုပ်စုအပါအဝင် ဒေသတွင်း တိုက်ခိုက်နေကြသော လက်နက်ကိုင် အဖွဲ့အစည်းများအား ဝေဖန်မှုများ မြင့်တက်လျက်ရှိသည်။ မေလ ၂၆ ရက် ည ၉ နာရီအချိန်က ၂၂ ဘီးထရပ်ကား တစ်စီး မိုင်တိုင်အမှတ် (၁၃၅/၂-၃) အကြားတွင် မိုင်းခွဲတိုက်ခိုက်ခံရသည်။ လူတစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရခဲ့သည်။ ယာဉ်မောင်း ဦးသန်းမင်းသိုက်၊ နှင့် ခရီးသည်များဖြစ်သော ကိုဟိန်းဇင်ဝင်းနှင့် မခင်ဇာလှိုင် တို့မှာ ကာလိကျွန်းရွာအနီးတွင် မိုင်းထိခဲ့ခြင်း ဖြစ်သည်။ ကိုဟိန်းဇော်ဝင်းမှာ မိုင်းထိမှန်မှုကြောင့် နေရာတွင်ပင် သေဆုံးခဲ့သည်။ ထိုတိုက်ခိုက်မှုကို မည်သည့် အဖွဲ့က လုပ်ဆောင်ခဲ့သည်ကို မသိရပါ။ ရက်ပေါင်းအနည်းငယ် အကြာ မေလ ၂၂ ရက် ည ၁၀ နာရီတွင် လမ်းခင်းကျောက်များ တင်လာသည့် ကုန်တင်ကား တစ်စီးသည် ဖားအံမှ နေပြည်တော်သို့ သွားလျက်ရှိစဉ်တွင် မိုင်းဖြင့် တိုက်ခိုက်ခံရပြီး နှစ်နှစ်အရွယ် ကလေးနှင့် မိခင်ဖြစ်သူကို ဒဏ်ရာ ရစေသည်။ ထပ်မံ၍ မေလ ၂၁ ရက်ညတွင် ရန်ကုန်-မော်လမြိုင်လမ်းပေါ်ရှိ သထုံမြို့နယ်၊ ဒုံးဝန်းကျေးရွာအုပ်စု ကမာဆိုင်ရွာတွင် ခရီးသည်တင်

HURFOM မှ မှတ်တမ်းတင်ထားသော တိုက်ခိုက်မှုများတွင် အရပ်သား နယ်မြေများတွင် ဖောက်ခွဲခဲ့သော မြေမြုပ်မိုင်းများနှင့် ပေါက်ကွဲမှုများကြောင့် အပြစ်မဲ့ ပြည်သူများ သေဆုံးခဲ့ရသည်။ မေလ ၃၁ ရက်နှင့် ဇွန်လ ၆ ရက်အတွင် အပြစ်မဲ့ ရွာသားနှစ်ဦး မှာ မြေမြုပ်မိုင်းများ နင်းမိပြီး ဒဏ်ရာရခဲ့သည်။ ဒေသခံ ပြည်သူများအတွက် မြေမြုပ်မိုင်းများမှာ အန္တရာယ်အဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။

ဇွန်လ ၆ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ ဘေးကလောင်ရွာ ကြိုးတံတားအနီးတွင် ရွာသားတစ်ဦးမှာ မြေမြုပ်မိုင်း နင်းမိပြီး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ထိခိုက်သူများမှာ မွန်ပြည်နယ် ရေးမြို့နယ် မုတ်ကနင်းရွာ၊ ကော်ဖွဲရပ်ကွက်မှ မင်းမွန်ချမ်းနှင့် သူ့ဇနီးတို့ ဖြစ်သည်။ ဖြစ်စဉ်မှာ စိုက်ခင်းအတွင်း ထင်းခုတ်နေစဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မြေမြုပ်မိုင်းပေါက်ကွဲခြင်းကြောင့် မင်းမွန်ချမ်းမှာ ညာဘက်ခြေထောက် ထိမှန်သွားခဲ့ပြီး ခြေမျက်စိနေရာတွင် ကျိုးသွားခဲ့သည်။ ထို့အပြင် ဒေသခံများအဆိုအရ သူ၏ ဘယ်ဘက်ခြေထောက်လည်း ထိမှန်သွားခဲ့ပြီး ဒဏ်ရာရခဲ့သည်။ သူ့ဇနီးဖြစ်သူ မိုလင်းမှာ ဒဏ်ရာရရှိခဲ့ခြင်း မရှိပေ။

"စစ်ကောင်စီနဲ့ တော်လှန်ရေး အဖွဲ့တွေ တိုက်ပွဲဖြစ်ပွားတဲ့ နေရာတွေဟာ ဒေသခံ နေရာတွေ ဖြစ်တာမို့ ကျွန်တော်တို့ စိုးရိမ်တယ်။" ဟု ဒေသခံ တစ်ဦးက ပြောသည်။

လွန်ခဲ့သည့် ဧပြီလအတွင်းက မုတ်ကနင်းအခြေစိုက် ခလရ ၁၀၆ က သူတို့ မြှုပ်ထားသော မြေမြှုပ်မိုင်းများ ဖယ်ရှားပြီးဖြစ်ကြောင်း ရွာသားများကို ခေါ်ယူရှင်းပြခဲ့သည်။ သို့ရာတွင် မြေမြှုပ်မိုင်းများ နင်းမိမှုများမှာ လက်ဆက် ဖြစ်ပွားလျက်ရှိလျှက်ရှိသည်။

စစ်ကောင်စီက အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် ဥပဒေမဲ့ ဖမ်းဆီးမှုများဖြင့် ဆက်လက် ပစ်မှတ်ထားနေသည်။ ဒေသခံ သတင်းရင်းမြစ်များအဆိုအရ မွန်ပြည်နယ် မောင်င်ရပ်တွင် နေသော မချောစုသာ မှာ လူမှု ကွန်ရက်တွင် "သတင်းမှားများဖြန့်ချီမှု" စွပ်စွဲချက်ဖြင့် မေလ ၂၂ ရက် နေ့လည် ၃ နာရီတွင် စစ်ကောင်စီ ထောက်လှမ်းရေးများ၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံရသည်။ ထိန်းသိမ်းခံရသူမှာ အသက် ၂၂ နှစ်အရွယ်ဖြစ်သည်။ သူ့ကို သူ၏ အိမ်တွင် လာရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ မိသားစုများအဆိုအရ ထိုမတိုင်မီ ရက်အနည်းငယ်က ထားဝယ်ခရိုင် လောင်းလုံတွင် စစ်ကောင်စီက အသက် ၁၆ နှစ်အရွယ် မိန်းကလေးတစ်ဦးကို ဖမ်းဆီးသွားခဲ့သည်။ မေလ ၂၂ ရက် နောက်ပိုင်း သူ၏ သတင်းကို မကြားရတော့ပေ။

ငြိမ်းချမ်းစွာ ဆန္ဒပြမှုများမှာလည်း စစ်ကောင်စီ၏ အကြမ်းဖက်မှုနှင့် ဥပဒေမဲ့ ဖမ်းဆီးမှုများ ရင်ဆိုင်နေရသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၇၈ နှစ်မြောက် မွေးနေ့ကို ကျင်းပသည့်အနေဖြင့် ဇွန်လ ၁၉ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီးတောင်ပိုင်း မြိတ်ခရိုင်၊ တနင်္သာရီ မြို့နယ်တွင် ပန်းသပိတ်ကို ဆင်နွှဲခဲ့ကြသည်။ ထိန်းသိမ်းခံထားရသော နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် အခြားသော နိုင်ငံရေး အကျဉ်းသားများကို ဂုဏ်ပြုသည့်အနေဖြင့် ပြည်သူများ ပါဝင်ကြရန် ဇွန်လ ၁၅ ရက်မှ စတင်၍ အထွေထွေသပိတ် ပေါင်းစပ်ညှိနှိုင်းရေး အင်အားစု (GSCB) က ပြည်သူများကို တောင်းဆိုထားသည်။ ၂၀၂၁ ခုနှစ်အာဏာသိမ်းချိန်နောက်ပိုင်းတွင် သူမ၏ ယခင် မွေးနေ့နှစ်ကြိမ်ကို အသိအမှတ်ပြုသည့်အနေဖြင့် ပန်းသပိတ်ကို အသုံးပြုခဲ့ကြသည်။

"စစ်ကောင်စီက အခုလို လူထုနဲ့ သပိတ်တွေကို တွေ့တဲ့အခါ သူတို့ပစ်ပါလိမ့်မယ်။ သူတို့က လူထုအသံကို ဘယ်လိုပဲ တိတ်အောင် လုပ်လုပ် သတ္တိရှိတဲ့ လူငယ်တွေကို အားရစရာ တွေ့ရပါတယ်။" ဟု ဒေသတွင်းရှိ အသက် ၅၅ နှစ်အရွယ် နိုင်ငံရေး အကျဉ်းသား ဟောင်းတစ်ဦးက ပြောသည်။

သို့တိုင်အောင်ပင် မွန်ပြည်နယ်တွင် သပိတ်တွင် ပါဝင်မှုဖြင့် စစ်ကောင်စီက ဒေသခံ ကိုးဦးကို ဖမ်းဆီးခဲ့သည်။ ထိုနေ့ နံနက်တွင် ဈေးဆိုင်ပိုင်ရှင်နှင့် ဝန်ထမ်းများအပါအဝင် အောင်သပြေပန်းလွှတ်မြောက်ရေး စာစောင်များကို ဖြန့်ဝေခဲ့ပြီး နှင်းဆီပန်းဝယ်သူ ၉ ဦးကို မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက် သစ်ခွမင်းသား ပန်းပျိုးပင်ဆိုင်တွင် ဖမ်းဆီးခဲ့သည်။

ထို့နောက်တွင် စစ်ကောင်စီ ရဲတပ်ဖွဲ့ဝင်များက သစ်ခွမင်းသားပျိုးပင်ဆိုင်ကို ချိပ်ပိတ်ခဲ့ပြီး ထိုပုဂ္ဂိုလ် ကိုးဦးကို ဇေယျာသီရိ ရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ လွတ်လပ်သော အဖွဲ့အစည်းများထံမှ အချက်အလက်များအရ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ပန်းသပိတ်တွင် ပန်းကိုင်ဆောင်သူ၊ ပန်းပန်သူနှင့် ပန်းလှူသူ များအပါအဝင် အနည်းဆုံး မွေးနေ့ ဆုတောင်းသူ ၁၄၀ ဦးကို နိုင်ငံအနှံ့တွင် ဖမ်းဆီးခဲ့သည်။

## ဇွန်လ ၂၀၂၃

နောက်တရက် ည ၇ နာရီခန့်တွင် ရေဖြူမြို့နယ် ကန်ဘောက် ဒေသ ဖောင်းတော်ရွာတွင်က စစ်ကောင်စီ၏ မောရဝတီ ရေတပ်က အသက် ၄၀ နှင့် ၅၀ အကြား အမျိုးသမီး လေးဦးကို ဖမ်းဆီးခဲ့သည်။ ရွာသားများ အဆိုအရ စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ဖောင်းတော်ရွာသို့ ရောက်ရှိလာပြီး အမျိုးသမီးလေးဦးကို ဖမ်းဆီးကာ ည ၁၀ နာရီခန့်တွင် ထွက်ခွာသွားခဲ့သည် ထိန်းသိမ်းခံရသူများမှာ ဒေါ်စုဝေ၊ နှင်းမြင့်နှင့် သူ၏ ညီအမများ၊ ဒေါ်မီးချိုနှင့် ဒေါ်မီးလေးတို့ ဖြစ်သည်။ "စစ်တပ်က ဇွန်လ ၁၉ ရက်နေ့က ပန်းသပိတ်အတွင်း အွန်လိုင်းမှာတင်တဲ့ သူတို့ရဲ့ ဓါတ်ပုံတွေနဲ့ အတူ လာပြီး ဖမ်းသွားတယ်။" ဟု ဖောင်းတော်ရွာမှ ဒေသခံ အမျိုးသမီး တစ်ဦးက ပြောသည်။

ဖမ်းဆီးခံရသူ လေးဦးအနက် ဒေါ်စုဝေမှာ စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီက သူ၏ ညီမဖြစ်သူနှင့်အတူ ခေါ်ယူ စစ်ကြောခဲ့ပြီး လပေါင်းအတော်အကြာတွင် ပြန်လည်လွတ်မြောက်လာခဲ့သူ ဖြစ်သည်။

ကန်ဘောက်ရွာနေ ပုဂ္ဂလိက မူကြိုကျောင်းပိုင်ရှင် မဥမ္မာအောင်နှင့် ဇွန်လ ၁၉ ရက်နေ့တွင် ဖမ်းဆီးခြင်းခံရသူ သူ၏ ခင်ပွန်းတို့မှာလည်း ဖောင်းတော်ရွာမှ ဖြစ်သည်။ ဇွန်လ ၁၉ နှင့် ၂၀ ကြားတွင် ကန်ဘောက်ရွာနှင့် ဖောင်းတော်ရွာတွင် စစ်ကောင်စီက လူခြောက်ဦးကို ဖမ်းဆီးစစ်ဆေးခဲ့ပြီး ယခုတိုင်အောင် မည်သူမျှ လွတ်မြောက်လာခြင်း မရှိသေးပါ။

နောက်ထပ် အခြေခံ လွတ်လပ်ခွင့်နှင့် နောက်ထပ် အမျိုးသမီးများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုတွင် သင်္ကန်းတော်ရွာမှ အမျိုးသမီးငယ်မှာ သူမ၏ Facebook တွင် မင်းအောင်လှိုင်၏ ရုပ်ပုံကို ဝေမျှသဖြင့် အဖမ်းခံရခြင်း ဖြစ်သည်။ ဇွန်လ ၁၆ ရက် နံနက်တွင် ထားဝယ်၊ ရေဖြူ၊ ကန်ဘောက် ဒေသ သဲချောင်းကျေးရွာအုပ်စု သင်္ကန်းတော်ရွာမှ မင်းအောင်လှိုင်ဓါတ်ပုံကို ဝေမျှသော အမျိုးသမီးငယ်ကို မောရဝတီ ရေတပ်ဌာနချုပ်နှင့် သဲချောင်းမှ ဒေသခံ အုပ်ချုပ်ရေး အဖွဲ့ များက လိပ်စာ အတိအကျဖြင့် သူမ၏ နေအိမ်သို့ လာရောက်ဖမ်းဆီးခေါ် ဆောင်သွားခြင်း ဖြစ်သည်။

မိသဲသည် အသက် ၁၉ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦး ဖြစ်သည်။ သဲချောင်းရွာ အုပ်ချုပ်ရေးမှူး၏ သမီးဖြစ်သူက Facebook တွင် မိသဲ တင်ထားသော ရုပ်ပုံကို တွေ့ရှိပြီး မိသဲအား ရှာဖွေဖမ်းဆီးရန်အတွက် အုပ်ချုပ်ရေးမှူး ဖြစ်သူ သူ၏ ဖခင်ကို ပြသခဲ့သည်။

"ရေတပ်တပ်မှူးက သူ့ကို ဖမ်းတယ်။ စစ်ကြောရေးမှာ တော့ သူအရိုက်ခံရမှာပဲ။ မင်းအောင်လှိုင်ရဲ့ ပုံကို လူမှုမီဒီယာ မှာ ဘယ်သူမှ တင်လို့ မရဘူး။ ဖုန်းထဲမှာတောင် သူ့ပုံကို သိမ်းထားလို့ မရဘူး။ အခုတော့ သူက သဲချောင်းရွာက အုပ်ချုပ်ရေးရုံးကို နေတိုင်းသွားပြီး အမှုရင်ဆိုင်နေရတယ်။" ဟု စစ်ဆေးခံရသူနှင့် နီးစပ်သော ဒေသခံ ပြည်သူများက ပြောသည်။

သင်္ကန်းတော်ရွာက အုပ်ချုပ်ရေးဌာန ဥက္ကဋ္ဌ ဦးဒစ်၏ အာမခံမှုဖြင့် မိသဲသည် သဲချောင်းရွာ အုပ်ချုပ်ရေးရုံးသို့ တပတ်ကြာအောင် နေ့စဉ်သွားရောက်ကာ အမှုရင်ဆိုင်ရပြီး သူ့ကို ကျပ် သိန်း ၅၀၀ ပေးဆောင်စေခဲ့သည်ဟု သဲချောင်းအုပ်ချုပ်ရေးမှူးက ပြောသည်။

ဇွန်လ ၂၀ ရက်နေ့တွင် သဲချောင်း အုပ်ချုပ်ရေးမှူးက မိသဲအား ခံဝန်ချက်ကို လက်မှတ်ရေးထိုးစေခဲ့ပြီး ဒဏ်ငွေ ဆောင်စေခဲ့သည်။ ထို့အပြင် မိသဲ လွတ်မြောက်ရေး အတွက် ငွေမည်မျှ သုံးစွဲခဲ့ရသည်ကို အတည်ပြု၍ မရနိုင် သေးပါ။ ဒေသခံများအဆိုအရ သဲချောင်းရွာတွင် ဖုန်းများ အတွင်း မင်းအောင်လှိုင်၏ ဓါတ်ပုံကို သိမ်းဆီးထားခြင်း အတွက် အနည်းဆုံး ဆယ်ဦး ဖမ်းဆီးခံခဲ့ရပြီး ဖမ်းဆီးခံရ သူများပြန်လွှတ်ရန် ငွေကြေးတောင်းခံခဲ့သည်။

အမျိုးသမီးနိုင်ငံရေး သမားများမှာလည်း ပစ်မှတ်ထားခံရသည်။ ရွာသားများအဆိုအရ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ၏ ပြည်နယ်ကိုယ်စားလှယ်ဖြစ်သူ ဒေါ်ခင်မျိုးမြင့်၏ နေအိမ်ကို မွန်ပြည်နယ် ကျိုက်မရော မြို့နယ် စစ်ကောင်စီက ချိပ်ပိတ်ခဲ့သည်။

ဇွန်လ ၂၀ ရက် နေ့လည် ၃ နာရီခန့်တွင် ကျိုက်မရော မြို့ ရှင်စောပု ရပ်ကွက် (၃)၊ ဗညားနွဲ့လမ်းရှိ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဒေါ်ခင်မျိုးမြင့်၏ အိမ်ကို စစ်ကောင်စီ တပ်သားများက ဝင်ရောက်စီးနင်းခဲ့သည်။ ရဲများနှင့် အုပ်ချုပ်ရေး အဖွဲ့များ ရောက်ရှိလာပြီးနောက်တွင် နေအိမ်ကို ချိပ်ပိတ်ခဲ့သည်။

ဒေါ်ခင်မျိုးမြင့်မှာ စစ်ကောင်စီက အကြမ်းဖက်အဖွဲ့ဟု သတ်မှတ်ထားသည့် မွန်လွှတ်တော် ကိုယ်စားပြုကော်မတီ (CRMH) အဖွဲ့ဝင် တစ်ဦးဖြစ်သည်ဟု ဆိုကာ သူမ၏ အိမ်ကို သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။ ကျောင်းဆရာမဟောင်းဖြစ်သူ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်ကို စစ်ကောင်စီက အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ နှင့် ရာဇဝတ်မှု ဥပဒေ ပုဒ်မ ၅၀၅(က) ဖြင့် အမှု ဖွင့်ထားသည်။

ကျိုက်မရောမြို့နယ် မဲဆန္ဒ နယ်မြေ အမှတ် ၁ ၏ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကိုယ်စားလှယ်ဖြစ်ပြီး ၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲများတွင် အနိုင်ရရှိခဲ့သူ ဒေါ်ခင်မျိုးမြင့်မှာ အာဏာသိမ်းသည့်အချိန်မှ စ၍ ထွက်ပြေးနေရသည်။

အာဏာသိမ်းပြီး ၂ နှစ်တာ ကာလအတွင်း NLD ပါတီဝင်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၃၃၃ ဦး၏ နေအိမ်နှင့် ပိုင်ဆိုင်မှုများ ချိပ်ပိတ်သိမ်းဆည်းခံရကြောင်း NLD ပါတီက ဇွန်လ ၁၃ ရက်နေ့တွင် ကြေညာသည်။

ထို့အပြင် မွန်အမျိုးသမီးအဖွဲ့များက မွန်ပြည်နယ်တလွှား ကျေးရွာများတွင် ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ချိုးဖောက်မှုများ မြင့်တက်လာနေပြီး မည်သည့် အာဏာပိုင်ကမျှအရေးယူခြင်း မရှိကြောင်း သတိပေးထားသည်။ လက်ရှိ နိုင်ငံရေး အကြပ်အတည်းနှင့် လုံခြုံရေး စိုးရိမ်မှုများကြောင့် အမျိုးသမီးအဖွဲ့များက ကျူးလွန်ခံရသူများကို ကူညီပံ့ပိုးပေးနိုင်ခြင်းမရှိပဲ ရှိနေသည်။

"ရွာတွေမှာ ကလေးမုဒိန်းမှုတွေ အတော်များများ ကြားနေရတယ်။ ကျူးလွန်ခံရတဲ့သူတွေကို ကူညီပေးဖို့ ခက်ခဲတဲ့ အခြေအနေမှာရှိနေတယ်။ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးက မရှိတော့ဘူး။ ရဲကလည်း ဒီအမှုတွေကို မကိုင်တွယ်ကြတော့ဘူး။" ဟု မွန်အမျိုးသမီးများအဖွဲ့ တစ်ခုမှ ဒါရိုက်တာက ပြောသည်။

အာဏာသိမ်းချိန်မှ စ၍ ကလေးအခွင့်အရေးများ ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်ခံနေရသည်။ အိမ်တွင်း အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများလည်း အရေအတွက် မြင့်တက်လာသည်။ လုံခြုံရေး အခြေအနေအရ အရေအတွက် တိတိကျကျရရန် ခက်ခဲသည်။ စစ်ကောင်စီ ခန့်ထားသော ရွာ အုပ်ချုပ်ရေးမှူးများက ကလေးများအပေါ် လိင်ဆိုင်ရာ ကျူးလွန်မှု ပါဝင်သော အမှုများအား တရားစီရင်မှုများကို ပိတ်ဆို့ထားခြင်းဖြင့် ကျူးလွန်ခံရသူများအတွက် အမှန်တရားရရှိအောင် လုပ်ဆောင်ရန် ခက်ခဲစေသည်။ မွန်အမျိုးသမီး အဖွဲ့များကလည်း ကလေးမုဒိန်းမှု ကျူးလွန်သူများအား လွှတ်ပေးခြင်းကို ဖော်ထုတ်ခဲ့ကြသည်။

## ဇွန်လ ၂၀၂၃

အိမ်များ၊ ပိုင်ဆိုင်မှုများနှင့် နောက်ဆက်တွဲ လုယက်မှုများ အပြင် လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခြင်းများသည် အတိုက်အခံ အဖွဲ့အစည်းများအတွက် ထောက်ခံပံ့ပိုးမှုများကို ဖယ်ရှားသည့် စစ်ကောင်စီ၏ မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ဒေသခံ သတင်းရင်းမြစ်များ အဆိုအရ တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ် ရေဝိုင်းရွာကို ၂၀၂၃ ခုနှစ် မေလ ၂၈ ရက် မွန်းတည့်ချိန်ခန့်တွင် စစ်ကောင်စီက ဝင်ရောက်စီးနင်းပြီး အိမ်နှစ်လုံးအား မီးရှို့ခဲ့သည်၊ အနည်းဆုံး ဒေသခံ ရှစ်ဦးကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ မေလ ၂၇ ရက် နေ့လည် ၁ နာရီ စစ်ကောင်စီတပ်ဖွဲ့များက ထားဝယ်မြို့နယ် ဖောအုတ်တိုရာမှ ဇဟာရွာသို့ ဝင်ရောက်သည့်အချိန်တွင် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များအား သေနတ်များ ပစ်ဖောက်ခဲ့သည်။ စစ်ကောင်စီ စစ်သား အချို့ ဒဏ်ရာရရှိခဲ့သည်။ ရေဝိုင်းရွာကို ခန့်မှန်းခြေ အင်အား ၁၆၀ ဖြင့် ဝင်ရောက်စီးနင်းခဲ့သည်။

“ရွာမှာရှိတဲ့လူတိုင်း ကြောက်နေကြတယ်။ အနီးအနားက ရွာတွေမှာလည်း ရွာသားတွေ မရှိကြတော့ဘူး။ ခုချိန်ထိ စစ်သား ၃၀ လောက် ရွာထဲမှာရှိနေသေးတယ်။” ဟု ဒေသခံ တစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်ဖွဲ့များ ရောက်ရှိလာသောကြောင့် ရေဝိုင်း၊ မြင်းမတ်တပ်၊ ကျောင်တိုင်ပြင်၊ ပခက်အင်းဦ ကင်ကုန်းနှင့် ရေအိုင် ကျေးရွာများမှ ရွာသားများသည် ဘေးကင်းလုံခြုံသော နေရာများသို့ တိမ်းရှောင်ကြရသည်။ “စစ်ကောင်စီ တပ်ဖွဲ့တွေက သူတို့ရဲ့ ရာဇဝတ်မှုတွေ ဆက်ပြီး ကျူးလွန်ကြတယ်၊ အိမ်တွေမီးရှို့တယ် နောက်ပြီး လူတွေကို ဖမ်းတယ်။ ဒါတွေ လုပ်တဲ့ အကြောင်းပြချက်ကတော့ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်တွေပဲ ဖြစ်တယ်။ ရေဝိုင်းရွာ ပတ်ဝန်းကျင်က ရွာတွေကတော့ စစ်ကောင်စီ တပ်ဖွဲ့တွေ ခဏခဏ စီးနင်းဝင်ရောက်တာကြောင့် ပျက်စီးကုန်ပြီ။ လူတွေက အသက်ဘေးလွတ်အောင် တောတွေထဲကို ထွက်ပြေးနေကြရတယ်။” ဟု အနီးအနားရှိ စစ်ရှောင်များ အနီးတွင် ခိုလှုံနေသော ဒေသခံ တစ်ဦးက ပြောသည်။

မေလ ၂၉ ရက်တွင် စစ်သား ၁၆၀ အနက်မှ အများစုသည် ရေဝိုင်းရွာမှ ထွက်ခွာသွားသော်လည်း အချို့ ကျန်နေရစ်ကြသည်။ ရွာသားများ အဝတ်အစားများသာ ယူဆောင် ထွက်ပြေးသွားကြပြီးနောက်တွင် စစ်တပ်သည် အိမ်များတွင် ကျန်ရှိနေသော အဖိုးတန် ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် အခြားသော အိမ်တွင်းပစ္စည်းများကို ကောက်ယူ ယူဆောင်သွားကြသည်။ HURFOM ကွင်းဆင်း အချက်အလက်စုဆောင်းရေး အဖွဲ့က စစ်တပ် ပြန်လည် ဆုတ်ခွာသည့်အခါတွင် စစ်ကောင်စီတပ်ဖွဲ့များက လူသားဒိုင်းအဖြစ် ခေါ်ဆောင်သွားသော ရေဝိုင်းနှင့် မြင်းမတ်တပ်ရွာများမှ ဒေသခံ ၈ ဦး၏ နောက်ဆက်တွဲဖြစ်ရပ်များအပါအဝင် ဤဖြစ်ရပ်အပေါ်တွင် အချက်အလက်များ ဆက်လက်ကောက်ခံလျက်ရှိသည်။

“ကျွန်တော်တို့မှာ ဆိုးဆိုးရွားရွားတွေ မဖြစ်ပါစေနဲ့ ကျူးလွန်ခံရသူတွေ မြန်မြန် လွတ်မြောက်ပါစေ ဆိုပြီး ဆုတောင်းတာက လွဲလို့ ဘာမှမလုပ်နိုင်တဲ့ အခြေအနေမျိုးမှာ ရှိတာပါ။ ကိုယ့်မိသားစုအတွက် အစာတောင် ရှာနိုင်တဲ့ အခွင့်အလမ်းမရှိတာ အတော်ကြာပါပြီ။” ဟု ကလေးလေးယောက်၏ ဖခင်ဖြစ်သူက ပြောသည်။

ကရင်ပြည်နယ် ကရင့်အမျိုးသား အစည်းအရုံး ဒူးပလာယာ ခရိုင် အုပ်ချုပ်ရေးက စစ်ကောင်စီရဲ့ ပစ်မှတ်သတ်မှတ်မထားပဲ လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုကြောင့် ရွာမှာနေနေတဲ့ အနည်းဆုံး အပစ်မဲ့ ပြည်သူ ၃ ဦး ဒဏ်ရာရပြီး အိမ်ခြောက်လုံး ပျက်စီးခဲ့သည်။ မေလ ၂၈ ရက်နေ့ ည ၈ နာရီတွင် ခမရ ၅၄၆ က ရွာကို ၁၂၀ မမ နှင့် ၁၀၅ နှစ်အရွယ် ကလေး တစ်ဦး အပါအဝင် အပစ်မဲ့ ပြည်သူ သုံးဦး ဒဏ်ရာရရှိခဲ့ကာ အိမ် ခြောက်လုံး ပျက်စီးခဲ့သည်။

## ဇွန်လ ၂၀၂၃

ယခင် HURFOM မှတ်တမ်းများကို အခြေခံခြင်းဖြင့် ကျုံဒိုး မြို့နယ်ထဲတွင် လက်နက်ကြီး ပစ်ခတ်မှုကြောင့် မေလ တစ်လထဲတွင် လူကိုးဦး ဒဏ်ရာရပြီး အိမ် ၁၄ လုံး ပျက်စီးခဲ့သည်။ ကော့ကရိတ် တောင်ပိုင်းတွင် စစ်ကောင်စီတပ်ဖွဲ့များက လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်ခဲ့ကြောင်း ဒေသခံ တစ်ဦးက အတည်ပြုသည်။

"သူတို့ နေ့တိုင်း ရွာထဲကို ပစ်တယ်၊ နေ့ခင်းပိုင်းမဟုတ်ရင် ညပိုင်း ပစ်တယ်။ တခါတလေ အိမ်တွေ၊ လူတွေနဲ့ တိရစ္ဆာန်တွေ ဒဏ်ရာရကြတယ်။ တခါတလေတော့ လက်နက်တွေက ခပ်ဝေးဝေးမှာ ကျတယ်။ တခါတလေတော့ ရွာထဲမှာ လူနေရပ်ရွာနဲ့ ခပ်နီးနီးမှာ ကျတယ်။ လက်နက်ကြီးတွေကြောင့် လုံခြုံမှု မရှိတော့ဘူး။ တချို့နေ့တွေမှာ လေးငါးကြိမ် ပစ်တယ်။ တချို့နေ့တွေမှာတော့ လက်နက်ကြီးတွေ ဆက်တိုက်ကျတယ်။ ကလေးတွေနဲ့ တခြားလူတွေ အတွက် ကြောက်စရာ ကောင်းတယ်။ လူတွေက လက်နက်ကြီးတွေ ကျနေတဲ့ အချိန်မှာ အလုပ်လုပ်ရမှာ ကြောက်ပေမယ့် သူတို့ရဲ့ စားဝတ်နေရေး အတွက် ရုန်းကန်နေကြရတာကြောင့် ဘာမှ မတတ်နိုင်ပါဘူး။" ဟု သူက ပြောသည်။

ထို့အပြင် မေလ နောက်ဆုံးပတ်တွင် စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် ကရင်ပြည်နယ် ကော့ကရိတ် မြို့နယ်တွင် သေဆုံးခြင်း၊ ဒဏ်ရာရခြင်း၊ နှင့် အိမ်များ ပျက်စီးခြင်းများ အဆက်မပြတ်ဖြစ်ပွားခဲ့သည်။ မြေပြင်ရှိ မှတ်တမ်းတင်အဖွဲ့များမှာ ပဋိပက္ခများကြောင့် အချက်အလက်များရယူနိုင်ရန် အကန့်အသတ်များကြောင့် နှောင့်နှေးမှုများ ကြုံခဲ့ရသည်။ မေလ ၂၈ ရက် မွန်းလွဲပိုင်းတွင် စစ်ကောင်စီက ကော့ကရိတ် မြို့နယ် ရပ်ကွက် ၇ အတွင်းသို့ စစ်ကောင်စီက လက်နက်ကြီးများကို ရမ်းသန်း ပစ်ခတ်ခြင်းကြောင့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက် သေဆုံးခဲ့ရသည်။

နေ့ခင်း ၂ နာရီပတ်ဝန်းကျင်တွင် တိုးချဲ့ နယ်မြေအတွင်းသို့ လက်နက်ကြီး ၈ လုံး ကျရောက်ခဲ့သည်။ တိုးချဲ့ ရပ်ကွက်၏ အမည်မှာ ခနိမ်းမူ ဖြစ်သည်။ သေဆုံးသူမှာ ခင်ပွန်းနှင့် ဇနီးသည် ဖြစ်သည်။ ထိုဖြစ်ရပ်များ ဖြစ်ပြီး နောက်တနေ့တွင် မြေပြင် သတင်းစုဆောင်းရေး အဖွဲ့က တယ်လီဖုန်းဖြင့် သတင်းပို့ခဲ့သည်။ သူတို့မှာ မော်တော်ဆိုင်ကယ်ဖြင့် အိမ်ပြန်စဉ် လက်နက်ကြီး ထိမှန်သေဆုံးခဲ့ခြင်း ဖြစ်သည်။

စစ်ကောင်စီရဲ့ အကြမ်းဖက် ပစ်ခတ်မှုများကြောင့် ကလေးနှင့် လူငယ်အများအပြားလည်း သေဆုံးခဲ့သည်။ ခမရ ၉၇ က ပစ်ခတ်သော အမြောက်ကျည်ကြောင့် ဇွန်လ ၇ ရက် မနက် ၉ နာရီ ခွဲတွင် ကရင်ပြည်နယ် ကော့ကရိတ် မြို့နယ်ရှိ ရွာတန်ရှေး ရွာရှိ ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးပြီး မိသားစုဝင်နှစ်ဦး မှာ ဒဏ်ရာ ရရှိခဲ့သည်။ ရွာသားများ အဆိုအရ ကော့ကရိတ် မြို့ လှိုင်းဝကုန်းအခြေစိုက် စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ် အမှတ် ၁၂ လက်အောက်ခံ ခမရ ၉၇ မှ ပစ်လိုက်သော လက်နက်ကြီး သုံးလုံးအနက် တစ်လုံးမှာ ရွာသား မိသားစု၏ နေအိမ်ကို ထိမှန်ခဲ့သည်။ ပေါက်ကွဲမှုကြောင့် အသက် ၁၂ နှစ်အရွယ် စောကျော်သန်းအောင်မှာ နေရာတွင် သေဆုံးခဲ့သည်။ သူ၏ မိခင် ဒေါ်တာပိ အသက် ၄၃ နှစ် နှင့် ညီမ နန်းရေဝတီ အသက် ၄ နှစ်တို့မှာ ဒဏ်ရာ ရရှိခဲ့သည်။

"ရွာမှာ အိမ်တော်တော်များများမှာ ဗုံးကျည်းတွေရှိတယ်။ လက်နက်ကြီးသံ ကြားပြီဆိုတာနဲ့ ရွာသားတွေက အမြန်အကာအကွယ်ယူကြတယ်။ ဒေါ်တာပိအိမ်ပေါ်ကို ကျတဲ့ လက်နက်ကြီးကတော့ ဘာမှ သတိမပေးလိုက်ပဲ ဖြစ်သွားတာ၊ ဒါကြောင့် သူ မလွတ်လိုက်ဘူး။ အဲဒီနောက် အားလုံး ထွက်ပြေးကြတယ်။"

လွန်ခဲ့သည့် သုံးလအတွင်း ကော့ကရိတ်အခြေစိုက် စစ်ကောင်စီရဲ့ လက်နက်ကြီးကြောင့် အရပ်သား ဆယ့်ရှစ်ဦး သေဆုံးခဲ့ပြီး ခြောက်ဆယ် ဒဏ်ရာရခဲ့ကာ အနည်းဆုံး အိမ် ခြောက်ဆယ့်ငါးလုံး ပျက်စီးခဲ့သည်။

တချိန်တည်းမှာပင် စစ်ကောင်စီက အတိုက်အခံများကို ထောက်ခံ ပံ့ပိုးမှုများ မလုပ်ရန် လူအများကို ခြိမ်းခြောက်လျက်ရှိသည်။ စစ်ကောင်စီ၏ စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ် အမှတ် ၁၉ ၏ ဗျူဟာမှူး နှင့် စစ်ကောင်စီ တပ်မှူးက ကရင်နှင့် မွန်ရွာများမှ အုပ်ချုပ်ရေးမှူးများကို ရေးမြို့နယ်တွင် တွေ့ဆုံခဲ့သည်။ ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ PDF များကို ကူညီပံ့ပိုးမှု လုပ်ဆောင်ခြင်းကို တွေ့ရှိပါက ပြင်းထန်စွာ အရေးယူမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ခရိုင် အုပ်ချုပ်ရေး ဌာနမှ သတင်းရင်းမြစ်အဆိုအရ ရွာနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူး ၄၀ ကို ဇွန်လ ၅ ရက်နေ့တွင် စစ်စခန်းသို့ ခေါ်ယူပြီး သတိပေးခဲ့ခြင်းဖြစ်သည်။ အဓိကအားဖြင့် ဗျူဟာမှူးနှင့်အတူ ခလရ ၃၄၃၊ ၅၈၆၊ ၅၉၁၊ ၅၈၃ နှင့် ၁၀၆ နှင့် ခမရ ၃၁ မှ တပ်ရင်းမှူးများ ပါဝင်သည်။

"အရင်တုန်းကလို လုံခြုံရေး အတွက် တာဝန်ပေးဖို့ တွေ့တာမျိုးမဟုတ်ဘူး၊ .ကျွန်တော်တို့ကို ခေါ်တယ်၊ ခြိမ်းခြောက်တယ်၊ ကြိမ်းမောင်းတယ်။ အဓိက အချက်တွေကတော့ စစ်ကောင်စီက ပြည်သူတွေ အနေနဲ့ PDF တွေအတွက် အစားအစာ တွေ နေစရာတွေ ပေးတာကို တွေ့ရှိခဲ့မယ် ဆိုရင် သူတို့က ရွာကို စီးနင်းဝင်ရောက်ပြီး မီးရှို့မယ်။ ကျွန်တော်တို့ ရွာနဲ့ ရွာသားတွေ ခံစားရတာကို မမြင်ချင်ဘူးဆိုရင် ကျွန်တော်တို့ အနေနဲ့ ဒေသခံ တော်လှန်ရေး အင်အားစုတွေနဲ့ ဝေးဝေးမှာ နေဖို့ ခြိမ်းခြောက်ပါတယ်။" ဟု အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောသည်။

"ရေးမြို့နယ် KNU ထိန်းချုပ်နယ်မြေ တပ်မဟာ ၆ ဧရိယာမှာရှိတဲ့ ကရင်ရွာတွေက အုပ်ချုပ်ရေးမှူးတွေကိုတော့ သူတို့က ရာဇဝတ်ကောင်တွေလို ဆက်ဆံတယ် စစ်ကောင်စီက ပိုပြီး ပြစ်တင်ဆုံးမတယ်။ စစ်ကောင်စီရဲ့ မဟာဗျူဟာတွေက ကျောက်မီးချောင်းရွာအုပ်စု နှင့် ကျောင်းရွာကရွာ အုပ်ချုပ်ရေးမှူးတွေအပေါ် ပိုပြီး ပြင်းထန်တယ်၊" ဟု ထိုနယ်မြေထဲကို စစ်ကောင်စီက သူတို့ကို မည်သို့ ခေါ်ဆောင်သွားသည်ကို ပြောပြသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလမှစ၍ ကျေးရွာအုပ်စု တစ်ခုစီမှ အုပ်ချုပ်ရေးမှူးများကို စစ်စခန်းအတွင်းခေါ်ယူ၍ သတိပေးခဲ့သည်။ ဤတကြိမ်တွင် ပူးပေါင်းလုပ်ဆောင်ခြင်းထက် အပြစ်ပေး အရေးယူရန် ခြိမ်းခြောက်ခြင်းဖြစ်သည်။

"ကျွန်တော်က စစ်ကောင်စီအနေနဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်ကို ဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေကို ပိုပြီး ကျူးလွန်ဖို့ သတိပေးလိုက်တာလို့ ခံစားရတယ်။ စစ်တပ်က ဒီကိစ္စတွေကို စစ်တပ်ထဲမှာ လုပ်ဆောင်နေတာမို့လို့ သူတို့က ကျူးလွန်ချိုးဖောက်မှုတွေ လုပ်နေတယ်ဆိုတာ သူတို့ သိမှာမဟုတ်ဘူး။ ကမ္ဘာမှာ ရှိတဲ့ ဘယ်စစ်တပ်ကမှ ရွာတွေ မီးရှို့မယ် ဒါမှမဟုတ် လူတွေ သတ်ပစ်မယ်ဆိုတဲ့ အရေးယူမှုတွေ လုပ်မယ်လို့ ခြိမ်းခြောက်မှာ မဟုတ်ဘူး။" ဟု ရေးမြို့နယ် အရှေ့ပိုင်းမှ အမည်မဖော်လိုသော KNU တာဝန်ခံ အရာရှိတစ်ဦးက ပြောသည်။

စစ်တပ်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဆက်လက် ဖိနှိပ် ဖြိုခွဲလျက်ရှိနေပြီး သတင်းအချက်အလက်တွေကို ဆင်ဆာလုပ်ဖို့ လုပ်ရပ်တွေကို တိုးလုပ်နေသည်။ ယုံကြည်ရသော သတင်းရင်းမြစ်များ အဆိုအရ စစ်ကောင်စီ ကျောထောက်နောက်ခံပြုထားသော မွန်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဌာနသည် ပြည်နယ်အတွင်းအခြေစိုက်သော သတင်းနှင့် ရုပ်သံ သတင်းသမားများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ရန် ညွှန်ကြားချက်များကို ထုတ်ပြန်ထားသည်။

## ဇွန်လ ၂၀၂၃

စစ်တပ်သည် အင်တာနက်ပေါ်တွင် အချိန်နှင့်တပြေးညီ ရေးသားဖြန့်ဝေနေသော သတင်းနှင့် လူမှု မီဒီယာ အုပ်စုများနှင့် မွန်၊ ကရင်နှင့် တနင်္သာရီ တိုင်းဒေသကြီးတွင် စစ်ကောင်စီ တပ်ဖွဲ့များက ဒေသခံများအပေါ် တိုက်ရိုက်ကျူးလွန်သော စစ်ရာဇဝတ်မှုများအား သတင်းပေးပို့မှုများကို သူတို့၏ ဖိနှိပ်သော ဥပဒေများဖြင့် တိုးမြှင့်အရေးယူရန် ရည်ရွယ်ထားကြောင်း သတင်းရင်းမြစ်က ပြောသည်။

"သိတဲ့အတိုင်းပဲ သူတို့ စစ်ကောင်စီက လည်ပတ်နေတဲ့ TV သတင်း၊ သတင်းစာနဲ့ ရေဒီယို သတင်းတွေကို အခုအခါ ဘယ်သူကမှ မဖတ်ကြတော့ဘူး။ ပရိသတ်က စိတ်မဝင်စားတော့ဘူး။ ဒါ့အပြင် အာဏာသိမ်းကြိုးပမ်းချိန်က စလို့ နှစ်ဆယ့်ရှစ်လ ကြာအောင် သူတို့ရဲ့ ဝါဒဖြန့်ချိမှုတွေက အောင်မြင်မှု မရခဲ့ဘူး။ ပိုဆိုးတာက စစ်ရာဇဝတ်မှုသတင်းတွေနဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကအားလုံးကို ဖြန့်ဝေနေတဲ့ လူထု သတင်းထောက်တွေအပါအဝင် သတင်းမီဒီယာ တွေနဲ့ လူမှု မီဒီယာ အသုံးပြုသူတွေကို သူတို့က ဖိနှိပ်ချင်တယ်။ အခုဆို ပြည်နယ်ထဲမှာ ရှိတဲ့ မှတ်ပုံတင်ထားတဲ့ သတင်းအေဂျင်စီတွေနဲ့ မြေအောက် သတင်းလှုပ်ရှားနေတဲ့ အုပ်စုတွေ အားလုံးကို သူတို့ စုံစမ်းထောက်လှမ်းနေတယ်။ " ဟု လူတစ်ဦးက ယမန်နေ့ ညနေက ပြောသည်။

သီးခြား သတင်းရင်းမြစ်တစ်ခု၏ အဆိုအရ စစ်ကောင်စီနှင့် နီးစပ်သော သတင်းသမားများ၊ သတင်းပေးများနှင့် ထောက်လှမ်းရေး ကွန်ရက်များသည် DVB၊ BBC၊ VOA၊ RFA၊ ဧရာဝတီ၊ ခေတ်သစ်မီဒီယာ နှင် မဇ္ဈိမ သတင်းဌာနများတွင် အလုပ်လုပ်သော သတင်းထောက်များနှင့် သတင်းသမားများ ကို နှစ်ပတ်ကြာအောင် စုံစမ်းထောက်လှမ်းခဲ့ကြသည်။

ဒီမိုကရေစီရေး လှုပ်ရှားမှုကို ထောက်ခံခြင်းနှင့် ပတ်သက်သည့် သတင်း၊ ရုပ်ပုံ နှင့် ဗီဒီယိုများကို like သို့မဟုတ် Share လုပ်ပါက သင့်အား ရာဇဝတ်ဥပဒေ ပုဒ်မ ၁၂၄ (ခ) ကို ချိုးဖောက်မှုဖြင့် အရေးယူခံရသည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့ကတည်းက ဗိုလ်ချုပ်

ဇော်မင်းထွန်းက မီဒီယာများအား ရာဇဝတ်ပြစ်မှု ဥပဒေများဖြင့် အရေးယူမည်ဟု ခြိမ်းခြောက်ခဲ့သော်လည်း

တိကျမှန်ကန်သော သတင်းများမှာ နည်းမျိုးစုံဖြင့် လူမှုကွန်ရက်များတွင် ဖြန့်ဝေ ပြန့်နှံ့လျက်ပင် ရှိသည်။

စစ်ကောင်စီကထုတ်ပြန်သောရာဇဝတ်မှုဥပဒေပုဒ်မ ၁၂၄ (ခ) သည် စစ်ကောင်စီက ပြန်လည် ပြင်ဆင်ထားသော ဥပဒေဖြစ်ပြီး ပြစ်ဒဏ်မှာ သုံးနှစ်မှ ဆယ်နှစ်အထိ ချမှတ်နိုင်သည်ဟု ဥပဒေ ပညာရှင်တစ်ဦးက ပြောသည်။

သတင်းသမား အများအပြားမှာ အကြမ်းဖက်မှု ပုဒ်မ ၅၀၅-က အရ တရားစွဲခံရလေ့ရှိပြီး အီလက်ထရွန်းနစ်နှင့် အကြမ်းဖက်မှုဥပဒေများကဲ့သို့ ပိုမိုတင်းကျပ်သည့် ဥပဒေများဖြင့်လည်း မကြာခဏဆိုသလို စွဲချက်တင်ခံရလေ့ရှိသည်ဟု သူက ပြောသည်။ ယင်းတွင် သတင်းလွတ်လပ်ခွင့်ကို ခြိမ်းခြောက်သည့် စည်းမျဉ်းများ ပါဝင်သည်။ စစ်အစိုးရသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) နှင့် အာဏာသိမ်းပြီးနောက် ပြင်ဆင်သည့် ရာဇသတ်ကြီးပုဒ်မအချို့ကို ကျင့်သုံးခြင်းဖြင့် မီဒီယာလွတ်လပ်ခွင့်ကို ခြိမ်းခြောက်ခဲ့သည်။


## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးသတင်းမှတ်တမ်းပြုစုလေ့လာသူများအနေဖြင့် မွန်၊ ကရင် နှင့်  တနင်္သာရီတိုင်းဒေသရှိ ပစ်မှတ်ဒေသများတွင် စစ်အုပ်စုတို့မှ ကျူးလွန်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုမှတ်တမ်းတင်ခြင်းကို အန္တရာယ်အတားအဆီးများကြား ဆက်လက်ဆောင်ရွက်နေပါသည်။

မတရားဖမ်းဆီးခံမှု ၈၆ ဦး ၊ ထိန်းသိမ်းခံရသူ ၅၅ ဦး၊ ဒဏ်ရာရသူများ ၅၉ ဦး၊ သေဆုံး/ သတ်ဖြတ်ခံရသူများ ၂၅ ဦး

## မွန်ပြည်နယ်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မတရား ဖမ်းဆီးခံရမှု ၊ သတ်ဖြတ်ခံရမှု နှင့် ဒဏ်ရာရရှိခဲ့မှု အခြေအနေများ

**ဇွန်လ ၂၀၂၃**




**2+**

**စစ်အစိုးရက ပစ်မှတ်ထားသည့် ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူများ**

# 13

## ၂၀၂၃ ဖွန်လ မှတ်တမ်းတင်နယ်မြေအတွင်း အသံတိတ် သပိတ် စုစုပေါင်းအရေအတွက်

| 9 | 2 | 2 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

## ၂၇,၇၀၀+

### နေရပ်မှ အတင်းအဓမ္မစွန့်ခွာ ထွက်ပြေးရသူများစာရင်း

**ပစ်မှတ်ထားဖိနှိပ်ချိုးဖောက်ခံကြရသည့် ဒေသခံပြည်သူများစာရင်း (မွန်၊ ကရင် နှင့် တနင်္သာရီတိုင်းဒေသကြီး)**

**6+**

အာဏာဖီဆန်ရေးပြည်သူလှုပ်ရှားမှုတွင် ပါဝင်လှုပ်ရှားဆောင်ရွက်သည့်အတွက် အလုပ်မှထုတ်ပယ် ခံရသူများစာရင်း

**4+**

တက်ကြွလှုပ်ရှားသူများ သပိတ်မှောက်ဆန္ဒပြမှုများတွင် ပါဝင်သူများအား အာဏာသိမ်းအုပ်စုတို့မှ ပြစ်ဒဏ်ချမှတ်သည့် စာရင်း

**6+**

ဖွန်လအတွင်း ပျောက်ဆုံးနေသူများ စာရင်း

# 60+

မှတ်တမ်းတင်နယ်မြေများအတွင်း စစ်အုပ်စုက
ရှောင်တခင် ပိတ်ဆို့စစ်ဆေးပြီး
မတရားငွေကြေးတောင်းခံသည့် အမှုများ

**85+**

ပျက်စီးဆုံးရှုံးမှု နေအိမ်များ



**40+**

မီးလောင်ကျွမ်းမှု နေအိမ်များ

**65+**

တနင်္သာရီတိုင်းဒေသကြီး မြောက်ပိုင်းနှင့် မွန်ပြည်နယ်တောင်ပိုင်းဒေသအတွင်း မော်တော်ဆိုင်ကယ် အသိမ်းခံရမှု အရေအတွက်

**21+**

လူ့အခွင့်အရေးမှတ်တမ်းတင် ပစ်မှတ်ဒေသအတွင်း ညအချိန် ဝင်ရောက်စီးနင်းရှာဖွေမှုနှင့် မတရားစွပ်စွဲဖမ်းဆီးခံရသည့် အရေအတွက်

**14+**

မတရားဖမ်းဆီးချုပ်နှောင်ထားသူများအား စစ်အုပ်စုက ငွေဖြင့် ရွေးယူစေသော အမှုများ



**17+**

မြန်မာနိုင်ငံ အရှေ့တောင်ဒေသအတွင်း
လေကြောင်းတိုက်ခိုက်ခံရမှု အရေအတွက်

## ကရင်ပြည်နယ်

- IDP 8,500 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 16 ဦးခန့်
- သေဆုံးသူ 9 ဦးခန့်

မွန်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

ကရင်ပြည်နယ်အခြေအနေမှာ အရေးပေါ် စောင့်ကြည့်မှုကို တောင်းဆိုနေဆဲဖြစ်သည်။ စစ်ကောင်စီသည် သတ်သတ်မှတ်မှတ် ပစ်မှတ်မထားပဲ အရပ်သားများကို ပစ်ခတ်လျက်ရှိပြီး သူတို့၏ အခြေခံ လူသားဖြစ်ခွင့်ကို ချိုးဖောက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နေ့ မွန်းလွဲ ၂ နာရီ ခွဲတွင် ကရင်ပြည်နယ် ကော့ကရိတ် မြို့နယ် ကျိုက်ဒုံအခြေစိုက် စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ် ၁၃ မှ လက်ထောက်ဗျူဟာမှူး သော်ဇင်နိုင်ဦးဆောင်သော စစ်ကောင်စီ တပ်ဖွဲ့များသည် ရည်ရွယ်ချက်ရှိရှိ ရွာများရှိ နေရာ အများအပြားကို ၆၀ မမ မော်တာများဖြင့် ပစ်ခတ်ခဲ့သည်။ ထိုပစ်ခတ်မှုကြောင့် ကျိုက်ဒုံမြို့ တံတားထိပ်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး အသက် ၁၃ နှစ်အရွယ် မောင်သန်းနိုင်ဦးမှာ ကျည်ဆံတတောင့် သူ၏ လည်ပင်းကို အနောက်ဖက်မှ ဖောက်ဝင်ပြီး သေဆုံးခဲ့သည်။ အသက် ၈ နှစ်အရွယ် မောင်သန်းဦးမှာ သူ၏ ခေါင်းနှင့် လက်ဖဝါးတွင် မော်တာဆံ ထိမှန်သော ဒဏ်ရာများဖြင့် ဆေးရုံသို့ ပို့ဆောင် ကုသခဲ့ရသည်။

ဒေသခံနှင့် လူမှု ကယ်ဆယ်ရေးအဖွဲ့များ အဆိုအရ ဇွန်လ ၂ ရက် နံနက်တွင် ဘုန်းတော်ကြီး တစ်ဦး အပါအဝင် အရပ်သားလေးဦးမှာ ကရင်ပြည်နယ် တိုက်ပွဲများအတွင်း သေဆုံးခဲ့သည်။ နံနက် ၅ နာရီမှ ၈ နာရီအတွင်း တိုက်ခိုက်မှုများအတွင်း စစ်ကောင်စီက လေယာဉ်နှင့်ကော လက်နက်ကြီးများနှင့်ပါ ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှုများအတွင်း လက်နက်ကြီး သုံးခုမှာ ကြာအင်းဆိပ်ကြီး ရပ်ကွက် သုံးရှိ မဏိရတနာ စာသင်တိုက်တွင် ကျရောက်ခဲ့ပြီး ဘုန်းတော်ကြီး တစ်ပါး ပျံလွန်ခဲ့ပြီး အခြား ကိုရင်တပါး ဒဏ်ရာရရှိခဲ့သည်။ ကြာအင်းဆိပ်ကြီး ရပ်ကွက် ၆ ရှိ နေအိမ်ပေါ်တွင် လက်နက်ကြီးတစ်လုံး ကျရောက်ပေါက်ကွဲသောအခါ အရပ်သားနှစ်ဦးမှာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ သေဆုံးသူများတွင် ကလေးငယ် တစ်ဦးလည်း ပါဝင်သည်။

"ဒီနေ့ ဘယ်သူမှ မထွက်ရဲတော့ဘူးဆိုတော့ အရမ်းဆိုးတယ်။ မနက် ၉ နာရီလောက်တုန်းကတော့ နည်းနည်းငြိမ်သွားတယ်။ လေးယောက်သေတယ်၊ ခြောက်ယောက်ဒဏ်ရာရတယ်။" ဟု အရာရှိတစ်ဦးက ပြောသည်။

စစ်ကောင်စီ တပ်ဖွဲ့များ ကော့ကရိတ် မြို့နယ်ရှိ အရပ်သားများကို ပစ်မှတ် ဆက်လက်ထားပြီး လေကြောင်းမှ တိုက်ခိုက်လျက်ရှိသည်။ စာသင်ကျောင်းတစ်ကျောင်း၊ အရပ်သား နေအိမ် လေးလုံးနှင် ဒေသခံ ဥယျာဉ် အချို့ ပျက်စီးခဲ့သည်။ နေပြည်တော် အခြေစိုက် စစ်ကောင်စီ လေတပ်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ခူးဒုံ ကျေးရွာအုပ်စုမှ စံပလာ ကျေးရွာတွင် ကလပ်စတာ ဗုံးများကို ၂၀၂၃ ခုနှစ် ဇွန်လ ၆ ရက်နံနက် ၁ နာရီ ၄၆ မိနစ်နှင့် ၁နာရီ ၅၀ မိနစ်တို့တွင် ကြဲချခဲ့ရာ မူလတန်း ကျောင်း တစ်ကျောင်း၊ အရပ်သား နေအိမ် လေးလုံးနှင့် ဒေသခံ ဥယျာဉ် အချို့ ပျက်စီးခဲ့သည်။

စစ်ကောင်စီမှ ကြဲချခဲ့သော ကလပ်စတာဗုံးသည် ကျောင်း ဝန်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ပြူတင်းပေါက်၊ ခေါင်မိုး၊ မျက်နှာကြက်၊ ဝိုက်ဘုတ်၊ ကျောင်းတိုင်၊ သောက်ရေအိုးနှင့် ကျောင်းပန်ကာများ ပျက်စီးခဲ့သည်။

စစ်ကောင်စီမှ ကြဲချခဲ့သော ကလပ်စတာဗုံးသည် ကျောင်း ဝန်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ပြူတင်းပေါက်၊ ခေါင်မိုး၊ မျက်နှာကြက်၊ ဝိုက်ဘုတ်၊ ကျောင်းတိုင်၊ သောက်ရေအိုးနှင့် ကျောင်းပန်ကာများ ပျက်စီးခဲ့သည်။

“မော်တာကျည် ၁၁ လုံးထဲက တခြား မော်တာကျည် ၁၀ လုံးက စံပလာရွာက ဦးတလုံး (၅၂ နှစ်) ရဲ့ လယ်ကွင်းထဲမှာ ပေါက်ကွဲခဲ့တယ်။ ဗုံးတလုံးက နော်ြမင့်ရဲ့ ကြံခင်းနဲ့ စောဖသာဌေးရဲ့ ကွမ်းစိုက်ခင်းအကြားမှာ ကျပြီး ပေါက်ကွဲခဲ့တယ်။ နော်မြင့်ရဲ့ ကြံခင်းနဲ့ တခါး ရွာသား လေးယောက်ပိုင်တဲ့ တိရစ္ဆာန်တွေ သေကြေပျက်စီးရတယ်” ဟု စံပလာ ရွာသား တစ်ဦးက ပြောသည်။

ဒေသခံများ၏ အခြားသော သတင်းပေးပို့ချက်များအရ ဗုံးပေါက်ကွဲမှုများကြောင့် ရွာ ခန်းမ အပါအဝင် အရပ်သား နေအိမ် ခုနစ်လုံး၊ မော်တော်ဆိုင်ကယ်ဆိုင်နှင့် ရွာသားများ စုပေါင်းပိုင်ဆိုင်သော နေရာတို့လည်း မော်တာကျည်များကြောင့် ပျက်စီးခဲ့သည်။

ဒုက္ခသည်များနေ့ မတိုင်မီ တစ်ရက်က မြေပြင်တွင် တိုက်ပွဲများ မရှိသော်လည်း စစ်ကောင်စီတပ်ဖွဲ့များက ဇွန်လ ၁၉ ရက် ညနေပိုင်းတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ် ခလယ်တံခွန်တိုင်ရွာအတွင်းသို့ လက်နက်ကြီးများ ဖြင့် ပစ်ခတ်ခဲ့သည်။ ကလေးငယ်နှစ်ဦး အပါအဝင် အရပ်သား သုံးဦး ဒဏ်ရာ အပြင်းအထန်ရခဲ့သည်။

ဇွန်လ ၁၉ ရက် ညတွင် မွန်ပြည်နယ် မုဒုံမြို့နယ် အဘစ်ရွာ အခြေစိုက် စစ်ကောင်စီ၏ အမြောက်တပ်ရင်း ၃၁၈ က ကေအဲန်ယူ တပ်မဟာ ၆ နယ်မြေရှိ ခလယ်တံခွန်တိုင်ရွာ နယ်မြေအတွင်း လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။

ဒေသခံ သတင်းရင်းမြစ်များ အဆိုအရ လက်နက်ကြီး ထိသော လူ သုံးဦးကို ပြင်းထန်သော ဒဏ်ရာများကြောင့် အရေးပေါ် ဆေးကုသပေးခဲ့ရသည်။ ရွာသားအများအကြား ထွက်ပြေး ပြောင်းရွှေ့ခဲ့ရသည်။

“ညနေ ပစ်ခတ်မှုကနေစပြီး ဒီမနက်အထိ မိသားစု ရာနဲ့ချီပြီး ထွက်ပြေးခဲ့ရတယ်။ တချို့က ပြန်သွားပြီ၊ ကျွန်တော်တို့ ဘဝတွေက အမြဲတမ်းပြောင်းလဲနေတဲ့ ဘဝတွေပါ။ နေ့စဉ် သွားလာနေတုန်း ဘယ်အချိန်မဆို မြင်ရတဲ့ လက်နက်တွေ အန္တရာယ်ကြောင့် အသက်ဆုံးရမယ့် အန္တရာယ်ကို အမြဲတမ်း သတိထားနေရတယ်” ဟု အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးက ပြောသည်။

ငွေညှစ်မှုများလည်း ကြီးကြီးမားမား ဆက်ရှိနေသည်။ လုံခြုံရေး အကြောင်းပြချက်အောက်တွင် ကရင်ပြည်နယ် ဖားအံမြို့နယ်တွင် “သံသယ” ဖြစ်ဖွယ် ယာဉ်များကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် ငွေကြေးအမြောက်အများဖြင့် ပြန်ရွေးစေခြင်းတို့ကို စစ်ကောင်စီက လုပ်ဆောင်နေသည်။ စစ်ကောင်စီ၏ အုပ်ချုပ်ရေး အဖွဲ့အမျိုးမျိုးဖြစ်သော ရဲ၊ အထွေထွေ အုပ်ချုပ်ရေး ဌာန၊ နှင့် စစ်ကောင်စီ ကျောထောက်နောက်ခံပြုထားသည့် နယ်ခြားစောင့်တပ်တို့က ယာဉ်များကို သိမ်းဆည်းလျက်ရှိသည်။ ငွေသားရွေးချယ်ခွင့်သည် ၎င်းတို့၏ တပ်ဖွဲ့ဝင်များအား ကိုယ့်ကိုယ်ကိုယ်အားကိုးမှုမူဝါဒအရ စစ်ကောင်စီမှ ပေးအပ်ထားသော လုပ်ပိုင်ခွင့်တစ်ခုဖြစ်သည်။ ယင်းသို့ ထင်ကြေးပေးရသည့် အကြောင်းရင်းမှာ အမျိုးမျိုးသော အဖွဲ့များက ခေါ်ဆောင်လာသော မော်တော်ယာဉ်အများစုမှာ လိုင်စင်၊ အခွန်များနှင့် အပြည့်အဝ မောင်းနှင်ခွင့်ရှိသော ကိုယ်ပိုင်ယာဉ်များ ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ၎င်းတို့ကို သံသယရှိသည်ဟု ဆိုကာ ရပ်တန့်စေပြီး မြန်မာကျပ်ငွေ သိန်းနှင့်ချီ၍ ပြန်ရွေးစေခဲ့သည်။

“စစ်ကောင်စီရဲ့ ထွေအုပ်ရုံးက ရရှိတဲ့ သတင်းအချက်အလက်တွေ အရ နယ်မြေအတွင်းရှိ လုံခြုံရေး တပ်ဖွဲ့တွေဟာ ကိုယ်ဘာသာကိုယ် ဖူလုံအောင် ငွေရှာခွင့်ရှိတယ်။ လိုင်စင်မဲ့ ကားတွေဟာ သူတို့အတွက် ငွေတွင်းဖြစ်နေခဲ့တာ အချိန် ကြာလှပြီ။ အခုတော့ လိုင်စင်ရှိတဲ့ ကားတွေကိုတောင် နှစ်သိန်းကနေ သုံးသိန်းအထိ တောင်းနေကြတယ်။ လူထု အာဏာ ဖီဆန်ရေး လှုပ်ရှားမှုနဲ့ ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့တွေနဲ့ ပတ်သက်တယ်ဆိုတဲ့ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်တွေနဲ့ ထင်ကြေးပေးမှုတွေ ရှိနေတယ်။” ဟု မြို့အခြေအနေကို ရှင်းပြရင် အသက် ၄၀ အရွယ် ဖားအံမြို့ခံ တစ်ဦးက ပြောသည်။

ယခုနှစ် မေလ ပထမပတ်ကတည်းက စစ်ကောင်စီ တပ်ဖွဲ့များအပါအဝင် အမျိုးမျိုးသော အဖွဲ့အစည်းများသည် မြို့တော်၏ အနီးဝန်းကျင်နှင့် လမ်းမများကို သိမ်းပိုက်ထားခဲ့သည်။ ဖားအံ မြို့ခံများ အဆိုအရ လိုင်စင်မဲ့ ယာဉ်များအပြင် လိုင်စင်ရှိသော ယာဉ်များကို လည်း လမ်းများပေါ်တွင် လိုက်လံ ဖမ်းဆီးပြီး သက်ဆိုင်ရာ ရုံးများတွင် ငွေပေးသွင်းပြီးမှသာ ပြန်လည် ရယူနိုင်သည်။

"ညောင်လွန် လမ်းမကြီးပေါ်က ကော့ကရိတ် လမ်းဆုံမှာ စစ်ကောင်စီက စစ်ဆေးရေး ဂိတ်ချထားပြီး သီရိဖားအံ ဟော်တယ်ရှေ့မှာ ညောင်လွန်ရွာမှ လာသူ သုံးဦးကို ဖမ်းဆီးခဲ့သည်။ လူငယ်သုံးယောက်မှာ လိုင်စင်အပြည့်အစုံပါမှန်း သိတဲ့ အခါ သူတို့က လူငယ်တွေကို PDF တွေကို ထောက်ပံ့တယ်ဆိုပြီး မတော်မတရား စွပ်စွဲပါတယ်။" ဟု သုံးဘီးဆရာက မေလ ၂၆ ရက်မှာ ကျပ် ၃၀၀၀၀ ဒဏ်တပ်ခံခဲ့ရတဲ့ အတွေ့အကြုံကို ပြန်ပြောပြသည်။

ထိုဖမ်းဆီးမှုများ၏ ရလာဒ်မှာ ဆိုက္ကားသမားအဖြစ် အသက်မွေးဝမ်းကျောင်းပြုသူများလည်း အခက်အခဲများကြုံရသည်။ ဒေသခံများက ထို ယာဉ်များကို မှီခိုသွားလာနေသူများလည်း သယ်ယူပို့ဆောင်ရေး အခက်အခဲများ တွေ့ကြုံလိမ့်မည်ဟု ဆိုသည်။

"စစ်ကောင်စီ တပ်ဖွဲ့တွေက မြို့ထဲမှာ သစ္စာနဲ့ သီတာလမ်းတွေနဲ့ နာရီစင် လမ်းဆုံမှာ လူတွေကို စုပြီး ဖမ်းတယ်။ အဲဒီ စစ်ဆင်ရေးမှာ ယာဉ်အစီး ၃၀ ကျော် အဖမ်းခံရတယ်။ မေလ ၂၇ ရက်နဲ့ ၃၀ ရက်ကြားမှာ သူတို့ အများစုအနေနဲ့ ဒဏ်ငွေ ၃၀,၀၀၀ ကျပ်ကနေ ၃၀၀,၀၀၀ အတွင်း ပေးပြီး ပြန်ရွေးရတယ်။" ဟု ဖားအံ မော်တော်ဆိုင်ကယ် အရောင်းဆိုင်မှ မေလ ၃၁ ရက်နေ့ နံနက်တွင် မတရား ဖမ်းဆီးခံရပြီး ငွေညှစ်ခံရသူ ဝန်ထမ်းတစ်ဦးက ပြောသည်။

"ဖားအံမှာ စစ်ကောင်စီအောက်က ဌာနတွေက လူတွေအပေါ် အမြတ်ထုတ်ထာ ငွေညှစ်တာအများအပြားရှိနေတယ်။ ဥပမာ- လူဝင်မှု ကြီးကြပ်ရေးဌာနရဲ့ နိုင်ငံကူးလက်မှတ်ရုံးနဲ့ လူထု ဝန်ဆောင်မှု ပေးတဲ့ ဌာနတွေက လုပ်နေကြတယ်။ ရဲချုပ်နှင့် သူတို့ရဲ့ လက်နက်ကိုင်လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းတွေက လုံခြုံရေး အကြောင်းပြပြီး ဒေသခံတွေ ဆီက ငွေတောင်းနေကြပြီး နေစဉ်ဝင်ငွေ အများအပြားရနေကြတယ်။" ဟု ငွေပေးခဲ့ရသူ တစ်ဦးက ပြောသည်။

ကရင်ပြည်နယ် ဖားအံ မြို့နယ် ထုံးအိုင်ရွာ ရပ်ကွက် ၇ မှ အမျိုးသား ညီညွတ်ရေး အစိုးရ NUG ၏ အလုပ်သမားရေးရာ ပြည်ထောင်စု ဝန်ကြီး နိုင်သုဝဏ္ဏ၏ နေအိမ်ကို စစ်ကောင်စီက ချိပ်ပိတ်ခဲ့သည်ဟု ဒေသခံများက ပြောသည်။

စစ်ကောင်စီက ဒီမိုကရေစီ လှုပ်ရှားမှု ခေါင်းဆောင်များ၏ နေအိမ်များကို ပိုမိုပြီးပစ်မှတ်ထားလာခဲ့သည်။ ဇွန်လ ၁၃ ရက် မွန်းလွဲ ၃ နာရီတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၊ ရဲနှင့် အုပ်ချုပ်ရေးမှူးများပါဝင်သော လူ ၂၀ ကျော် သည် ကားသုံးစီးဖြင့် ထုံးအိုင်ရွာအတွင်း ဝင်ရောက်လာပြီး ဝန်ကြီး နိုင်သုဝဏ္ဏ၏ အိမ်ကို ချိပ်ပိတ်ခဲ့သည်။ စစ်ကောင်စီက နိုင်သုဝဏ္ဏ၏ နေအိမ်ကို ယခင်က နှစ်ကြိမ် ချိပ်ပိတ်ခဲ့ဘူးပြီး ယခုအခါတွင် အဆောက်အဦကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအောက်တွင် သိမ်းယူခဲ့သည်။ စစ်ကောင်စီ အဖွဲ့များက ချိပ်မပိတ်မီတွင် နိုင်သုဝဏ္ဏ၏ နေအိမ်မှ ပစ္စည်းများ အားလုံးကို တစ်ခုချင်း ယူဆောင်ခဲ့သည်ဟု ဆိုသည်။

"ကျွန်တော့် အတွက်တော့ မထူးဆန်းတော့ပါဘူး။ နိုင်ငံရေး လုပ်ရင် ဒီလို ခံရတာပဲ။ တခြား ဝန်ကြီးတွေရဲ့ နေအိမ်တွေလည်း ဒီလိုပဲ ချိပ်ပိတ်ခံရတယ်။ တချို့ ဝန်ကြီးအိမ်တွေဆိုရင် မီးရှို့ ဖျက်ဆီးခံရတယ်။

စစ်ကောင်စီက အကြမ်းဖက်မှုတွေ ဆက်လုပ်မှာပဲ။ ဒါ ကျွန်တော့်အတွက်တော့ အထူးအဆန်းမဟုတ်တော့ပါဘူး။" ဟု အမျိုးသား ညီညွတ်ရေး အစိုးရ NUG ဝန်ကြီး နိုင်သုဝဏ္ဏက ပြောသည်။

၁၉၉၀ ခုနှစ်နှင့် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ဝါရင့် မွန်နိုင်ငံရေး သမား နိုင်သုဝဏ္ဏမှာ NUG ၏ အလုပ်သမား ဝန်ကြီးဌာနတွင် ပြည်ထောင်စု ဝန်ကြီးအဖြစ် ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ခန့်အပ်ခံရသည်။

ထိုနေ့ တစ်ရက်တည်းတွင် စစ်ကောင်စီ တပ်ဖွဲ့များသည် ပိုင်ဆိုင်မှုများကို ချိပ်ပိတ်ခဲ့သည်။ သူတို့က ၂၀၂၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ၏ မြန်မာတိုင်းရင်းသားရေးရာ ဝန်ကြီး နှင့် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားပြုကော်မတီ၏ အဖွဲ့ဝင်လည်း ဖြစ်သူ ကရင်ပြည်နယ် ဖားအံ မြို့နယ် ထုံးအိုင်ရွာမှ ဦးတင်ဝင်း၏ နေအိမ်ကိုလည်း ချိပ်ပိတ်ခဲ့သည်။

> “ကျွန်တော့် အတွက်တော့ မထူးဆန်းတော့ပါဘူး။ နိုင်ငံရေး လုပ်ရင် ဒီလို ခံရတာပဲ။ တခြား ဝန်ကြီးတွေရဲ့ နေအိမ်တွေလည်း ဒီလိုပဲ ချိပ်ပိတ်ခံရတယ်။ တချို့ ဝန်ကြီးအိမ်တွေဆိုရင် မီးရှို့ ဖျက်ဆီးခံရတယ်။ စစ်ကောင်စီက အကြမ်းဖက်မှုတွေ ဆက်လုပ်မှာပဲ။ ဒါ ကျွန်တော့်အတွက်တော့ အထူးအဆန်းမဟုတ်တော့ပါဘူး။”

## မွန်ပြည်နယ်

- IDP 3,700+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 13 ဦးခန့်
- သေဆုံးသူ 6 ဦးခန့်

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

လွန်ခဲ့သည့် လအတွင်း မွန်ပြည်နယ်အတွင်း အကြမ်းဖက်မှုများကြောင့် ဒါဇင်နှင့် ချီသော လူများ ဒဏ်ရာရခဲ့သည်။ စစ်သားများက ဥပဒေစိုးမိုးရေးကို ဂရုမစိုက်ပဲ အပြစ်ပေး အရေးယူခံရခြင်းမှ လွတ်ကင်းစွာ လုပ်ဆောင်ခဲ့ကြသည်။

ဒေသခံများ၏ အဆိုအရ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လှည်းလမ်းကူးရွာရှိ နေအိမ်တစ်ခုအပေါ် လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ခြောက်နှစ်အရွယ်ကလေး အပါအဝင် အနည်းဆုံး လူခြောက်ဦး ဒဏ်ရာရခဲ့သည်။ လေ့လာသူများအဆိုအရ ပစ်ခတ်မှုမှာ ရမ်းသန်း ပစ်ခတ်မှုဖြစ်ပြီး သထုံ အခြေစိုက် အမြောက်တပ်ရင်း ၄၀၂ မှ ပစ်ခြင်းဖြစ်သည်။ မေလ ၃၁ ရက်နေ့ မွန်းလွဲ ၁ နာရီခန့်တွင် လှည်းလမ်းကူး ရွာရှိ ဦးထွန်းအေး၏ နေအိမ်တွင် လက်နက်ကြီး ကျရောက် ပေါက်ကွဲခဲ့သည်။ သစ်သား အိမ်၏ အိမ်ခေါင်မိုးတွင် လက်နက်ကြီး ကျည်ပေါက်ကွဲမှုကြောင့် ဦးစောထွန်း (၃၀နှစ်)၊ မြင့်မြတ်လင်း (၁၃နှစ်)၊ ဦးထွန်းထွန်းလင်း (၃၆နှစ်)၊ မယွန်းရတီထွန်း (၆ နှစ်)၊ မောင်စိုးစံ (၁၅ နှစ်) နှင့် ဒေါ်ဝင်းစန္ဒာမြင့် (၃၀နှစ်) တို့ ဒဏ်ရာ အသီးသီး ရရှိသွားသည်။ သူတို့ထဲမှ အချို့ကို ကျိုက်ထိုပြည်သူ့ ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့ရသည်။

“အဲဒီတုန်းက နယ်မြေထဲမှာ နှစ်ဘက် တိုက်ပွဲ ဖြစ်နေကြတယ်။ စစ်ကောင်စီရဲ့ တိုက်ခိုက်မှုပုံစံက အများကြီး ပြောင်းသွားတယ်။ သူတို့ စစ်သား စုဆောင်းနိုင်တာ နည်းလာတာနဲ့ သူတို့က နယ်မြေရှင်းလင်းရာမှာ လက်နက်ကြီးတွေ သုံးလာတယ်။ အဲဒါကြောင့် လူတွေ ထိခိုက်တာ ဖြစ်တယ်။ အခုပစ်လိုက်တဲ့ လက်နက်ကြီးက အိမ်ပေါ်ကျပြီး ကလေး၊လူကြီး အားလုံး ထိသွားတာပါ။” ဟု အိမ်သားတစ်ဦးက ပြောသည်။

ဒေသခံ သတင်းများ အဆိုအရ ဘီးလင်းမြို့နယ် ရွှေရောင်ပြ ရွာတွင် တိုက်ပွဲ တစ်စုံတစ်ရာ ဖြစ်ပွားခြင်း မရှိသော်လည်း စစ်ကောင်စီ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် ၃ နှစ်သား အရွယ်ကောင်လေး အပါအဝင် ဒေသခံ ငါးဦး ထိခိုက် ဒဏ်ရာ ရခဲ့သည်။ ဇွန်လ ၂ ရက်နေ့ ည၁၀ နာရီက လက်နက်ကြီး တပ်ရင်းအမှတ် ၃၁၄ မှ ၁၂၀ မမ လက်နက်ကြီးဖြင့် အနည်းဆုံး ဆယ်ကြိမ် ပစ်ခတ်ခဲ့သည်။ အမြောက်ကျည်ဆံများ မှာ ရွှေရောင်ပြရွာ စာသင်ကျောင်းရှေ့ရှိ အိမ်များအကြား ကျရောက် ပေါက်ကွဲခဲ့သည်။

အသက် ၃၂ နှစ်အရွယ် နော်ဂီး၊ အသက် ၃ နှစ်အရွယ် စောတင်ထွန်းအောင်၊ အသက် ၈ နှစ်အရွယ် စောကိုကုထူး၊ အပြင် အသက် ၁၂ နှစ်အရွယ် မသဇင်အေး၊ ရွာမှ အသက် ၅၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သူ နော်အေး တို့မှာ ထိခိုက် ဒဏ်ရာ ရခဲ့သည်။

“အခုဆို ရွာသားတွေ အားလုံး ကြောက်နေကြပြီး တချို့က ထွက်ပြေးသွားကြတယ်။ ကျန်တဲ့သူတွေကတော့ အထိတ်တလန့်နဲ့ နေကြတယ်။” ဟု ရွှေရောင်ပြ ရွာမှ ရွာသားတစ်ဦး ကပြောသည်။ ထိခိုက်ဒဏ်ရာ ရရှိသူအားလုံးကို ဘီးလင်းမြို့နယ် ပြည်သူ့ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် သုံးလ အတွင်း ကျိုက်ထိုမြို့နယ်အတွင်း တိုက်ပွဲများကြောင့် အပစ်မဲ့ ဒေသခံများ သေဆုံးမှုနှုန်း တဖြည်းဖြည်း တိုးမြင့်လာခဲ့သည်။ HURFOM မှ ကောက်ယူရရှိသော ကွင်းဆင်း သတင်းများအရ ယခုနှစ်တွင် ဖေဖော်ဝါရီလ အတွင်း သေဆုံးသူ ၂ ဦး၊ မတ်နှင့် ဧပြီလတွင် ခြောက်ဦးနှင့် နှင့် မေလတွင် လေးဦးရှိသည်။

ရေး အခြေစိုက် တပ်ဖွဲ့မှ စစ်ကောင်စီ၏ လက်နက်ကြီး တပ်ဖွဲ့က မွန်ပြည်နယ် ရေးမြို့နယ် နှစ်ကရင်ကျေးရွာ အတွင်း ဇွန်လ ၈ ရက် နံနက် ၈ နာရီခွဲတွင် လက်နက်ကြီး သုံးလုံး ပစ်ခတ်ခဲ့သည်။ အရပ်သား တစ်ဦး သေဆုံးခဲ့ ပြီး လေးဦး ဒဏ်ရာရခဲ့ကာ အိမ်အချို့နှင့် ပစ္စည်းဥစ္စာ များ ပျက်စီးခဲ့သည်။ အသက် ၄၀ အရွယ် ဒေသခံတစ်ဦးက လက်နက်ကြီး ထိခိုက် ဒဏ်ရာရသူမှာ အသက် ၂၅ နှစ်အရွယ် မတင်ကြည်ဖြစ်ပြီး သူမသည် မော်လမြိုင် ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းတွင် သေဆုံးသွားခဲ့သည်။ အချို့ နေအိမ်များထိမှန် ပျက်စီးခဲ့သည်။ ဒဏ်ရာရသူများ အကြားတွင် ကလေးတစ်ဦး ပါဝင်သည်။

“စစ်ကောင်စီ တပ်တွေက တော်လှန်ရေး တပ်ဖွဲ့တွေ ရှိနိုင်မယ် ထင်တဲ့ အဲဒီနေရာထဲကို ရမ်းသန်းပြီး ပစ်တယ်။ ဒီပစ်ခတ်မှုက ဇွန်လ ၃ ရက် အစောပိုင်းမှာ ဖြစ်ပွားခဲ့ပြီး ရေးမြို့နယ် နှင်းဆုံနဲ့ ဘီဆိုင်း ရွာတွေထဲကို KNU နဲ့ PDF အဖွဲ့တွေ ဝင်လာတာကို ပစ်မှတ်ထားတာ။ သူတို့က လူနေထူထပ်တဲ့ နေရာထဲကို ပစ်ထည့်တယ်၊ ဒါဟာ ရွာသားတွေကို တမင်ပစ်တာပါပဲ။” ဟု လူမှုရေး လုပ်ငန်းများ လုပ်ဆောင်နေသည့် အသက် ၃၀ အရွယ် ရွာသားတစ်ဦးက ပြောသည်။

ဇွန်လ ၉ ရက် နံနက် ၉ နာရီခွဲတွင် စစ်ကောင်စီ၏ အမြောက်တပ်ရင်း ၃၁၇ အခြေစိုက်ရာ ဝဲဖဲမှ လက်နက်ကြီးသုံးလုံးဖြင့် ထပ်မံ ပစ်ခတ်သောကြောင့် နှစ်ကရင်ရွာ၏ ရပ်ကွက်ငါး မြောက်ဖက်ရှိ ဆိုင်ကယ်ပြင် ဆိုင် ဘေးတွင် ပေါက်ကွဲ ခဲ့ပြီး မြို့မှ အမျိုးသား တစ်ဦးကို ဒဏ်ရာရစေခဲ့သည်။

လက်နက်ကြီး ကျည်က နှစ်ကရင် ကျေးရွာမှ အသက်၃၀ နှစ်ခန့် ကိုကောင်းကြည်၏ ဒူးကို ထိမှန်ခဲ့သည်။ ဒဏ်ရာမှာ ပြင်းထန်မှု မရှိခဲ့သော်လည်း စစ်ကောင်စီက ရက်ပေါင်းများစွာ ပစ်ခတ်မှုများကြောင့် ဒေသခံများမှာ သူတို့၏ အသက်များမှာ လုံခြုံမှု မရှိတော့ပဲ အန္တရာယ်ကို စိုးရိမ် ကြောက်ရွံ့နေကြသည်။

ဇွန်လ ၉ ရက်၊ စစ်ကောင်စီက ပစ်ခတ်ပြီးနောက်တွင် စစ်လေယာဉ်များ ပျံဝဲခဲ့ခြင်းကြောင့် ဒေသခံများအကြား စိုးရိမ်မှုများ ဖြစ်စေခဲ့သည်။ ရပ်ကွက် ၄၊ ၅ နှင့် ၆ မှ အရပ်သားများသည် ဘုန်းကြီးကျောင်းတွင် ခိုလှုံနေခဲ့ကြ ပြီး အချို့မှ မော်လမြိုင်သို့ ပြောင်းရွှေ့ခဲ့ကြသည်။

“PDF တွေ ရပ်ကွက် ၅ မှာ ပုန်းခိုနေတယ်လို့ သတင်းတွေရတယ်။ အဲဒီ သတင်းတွေကြောင့် စစ်ကောင်စီက ရွာကို လက်နက်ကြီးနဲ့ ထပ်ပြီး ပစ်တယ်။ လက်နက်ကြီးကို ရွာထဲကို ပစ်ခတ်ခဲ့တာကြောင့် လူတစ်ယောက် ဒဏ်ရာ ရရှိခဲ့တယ်။” ဟု ကျေးရွာနေ ဒေသခံ တစ်ဦးက ပြောသည်၊

ဇွန်လ ၈ ရက် နံနက် ၈ နာရီ ခွဲခန့်တွင် လူအင်အား ၂၀ ခန့်ရှိ လက်နက်ကိုင်အဖွဲ့ အစည်းတစ်ခုသည် ရေးမြို့နယ် နှစ်ကရင်ရွာသို့ ဝင်ရောက်ခဲ့ကြပြီး စစ်ကောင်စီ၏ ရွာ အုပ်ချုပ်ရေးမှူး ဦးနေဝင်းမြင့် (အသက် ၄၇ နှစ်) ကို ဖမ်းဆီးခဲ့သည်။ ရလာဒ်အားဖြင့် စစ်ကောင်စီ၏ ဝဲဖဲ အခြေစိုက် လက်နက်ကြီး တပ်က ပစ်လွှတ်လိုက်သော လက်နက်ကြီး သုံးလုံးသည် အိမ်နှစ်လုံးကို ရိုက်နှက် ပျက်စီးစေသည်၊ အရပ်သားတစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရခဲ့သည်။

ကျိုက်ထိုဒေသခံ တစ်ဦးမှာ ဒီမိုကရေစီရေး လှုပ်ရှားမှုကို ထောက်ခံပံ့ပိုးသည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခြင်း ခံရသည်။ ဒေသခံ ရင်းမြစ်များအဆိုအရ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျောက်ဖုံရွာမှ အမျိုးသားတစ်ဦးမှာ ဒေသခံ လက်နက်ကိုင် ခုခံရေးအဖွဲ့များကို ကူညီသည်ဟူသော စွပ်စွဲချက်ဖြင့် စစ်ကောင်စီက သူ၏ အိမ်တွင် လာရောက်ဖမ်းဆီး သွားခဲ့သည်။ ဇူလိုင် ၁၂ ရက် ညနေ ၇ နာရီတွင် စစ်ကောင်စီတပ်ဖွဲ့မှ စစ်သား ၁၀ ယောက်ကျော်သည် ကျောက်ဖုံရွာသို့ ဝင်ရောက်စီးနင်းခဲ့ ပြီး အသက် ၄၅ နှစ်အရွယ် ကိုကျော်မိုးကို ဖမ်းဆီးသွား ခဲ့သည်။ သူ့ကို စစ်ကြောမေးမြန်းစဉ် စစ်ကောင်စီတပ်များက ရိုက်နှက်ခဲ့သည်၊ လက်များကို ကြိုးတုပ်ထားပြီး အဝေးသို့ ခေါ်ဆောင်သွားခဲ့သည်။

*"ကိုကျော်မိုးမှာ ရွာတွင် ကုန်ပစ္စည်းများ ရောင်းနေခဲ့သူ ဖြစ်ပြီး သူ့အနေဖြင့် PDF များကို ထောက်ခံတယ်လို့ ပြောဆိုချက်အပေါ်တွင် တစ်စုံတစ်ဦးက စစ်ကောင်စီအား တိုင်ကြားခဲ့ပြီးနောက် ဖမ်းဆီးခံခဲ့ရတာဖြစ်တယ်။"* ဟု ကျောက်ဖုံရွာခံ တစ်ဦးက ပြောသည်။

စစ်တပ် စည်းရုံးလှုံ့ဆော်သူ တစ်ဦး၏ တယ်လီဂရမ် အကောင်းများက ကိုကျော်မိုးမှာ မကြာသေးခင်က ဖက်ကလိပ်ရွာရှိ KNU ဆန်စက်မှတဆင့် PDF ပူးပေါင်းတပ်ဖွဲ့များကို ဆန် (၁၀)အိတ် ပေးပို့ခဲ့ပြီး CDM မိသားစုဝင် ၆ ဦးကို KNU နယ်မြေသို့ ပို့ဆောင်ခဲ့ခြင်းကြောင့် ဖမ်းဆီးခံရခြင်းဖြစ်သည်ဟု ဖော်ပြသည်။

စစ်ကောင်စီသည် ဖမ်းဆီးထားသော ကိုကျော်မိုးကို အကြမ်းဖက် တိုက်ဖျက်ရေး ဥပဒေအောက်တွင် အမှုဖွင့်ရန် ပြင်ဆင်နေသည်ဟု သတင်းရရှိသည်။

ပြီးခဲ့သည့် ဇွန်လ ၂ ရက်က စစ်ကောင်စီသည် အရက်မူးပြီး လမ်းပေါ် လျှောက်သွားနေခဲ့သော အသက် ၃၇ နှစ်အရွယ် ကိုမင်းသူအောင်ကို PDF အဖွဲ့ဝင် ဖြစ်သည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့သည်ဟု ဒေသခံ သတင်းရင်းမြစ်များက ပြောသည်။

မျက်မြင်သက်သေများအဆိုအရ အပြစ်မဲ့ အမျိုးသမီး ရွာသား တစ်ဦးမှာ လူနေရပ်ကွက် နေရာတွင် မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့အနီး တပ်စွဲထားသော စစ်ကောင်စီ တပ်ဖွဲ့များက ပစ်လိုက်သော လက်နက်ကြီးကျည် ခေါင်းတွင် ထိမှန်ပြီး သေဆုံးသွားခြင်းဖြစ်ကာ သူတို့၏ နေအိမ်များမှာလည်း ပျက်စီးသွားခဲ့ရသည်။

မွန်ပြည်နယ် တောင်ပိုင်း ခေါဇာတွင် အခြေစိုက်သည့် ခမရ ၃၁ တပ်ရင်းက ၎င်းတို့၏ တပ်စခန်းမှ အမြောက်လက်နက်ကြီးများဖြင့် ဇွန်လ ၁၆ ရက်နေ့ မွန်းလွဲပိုင်း က ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။ ခေါဇာမြို့အခြေစိုက် ခမရ ၃၁ မှ ဝင်းတမော့ (ကျောက်အိုက်) ကို အမြောက်ဖြင့် ပစ်ခတ်ခဲ့ရာ နိုင်အောင်နှင့် မိလုတို့၏ သမီးဖြစ်သူ အသက် ၄၀ အရွယ် မိငွေးကြည်၏ ဦးခေါင်းကို ထိမှန်ခဲ့သည်။ သူမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ ရွာသားများက ပြောသည်။

*"ကျွန်တော်က ခြံနောက်မှာ ရေချိုးနေတုန်း လက်နက်ကြီးသူ့ခေါင်းကို တည့်တည့် ထိသွားတာ။ သူ့ခေါင်းက လုံးဝ ရိုက်ချထားလိုက်သလို တစ်စုံတစ်ရာအထိ ကြေမွသွားပြီး သူက နေရာတွင် သေသွားတာ"* ဟု ခေါဇာမြို့မှ ဆွေမျိုးတစ်ဦးက အတည်ပြုသည်။

ခေါဇာမှ ဒေသခံ ရဲများသည် သယောက်ထောက်ရွာနှင့် ဝင်းတမော့ရွာတို့မှ မြို့မိမြို့ဖများနှင့် အတူ သူ၏အလောင်းကို ကြည့်ရန် ရောက်လာခဲ့သည်။ သူတို့က လူများကို ထို သတင်း မပြန့်စေရန် သတိပေးပြီး ပြန်သွားခဲ့သည်။ ဒေသခံ မိသားစုများကခမရ ၃၁ မှ အရာရှိများကို ထိုနေရာတွင် လက်နက်ကြီးကျည်ထိမှန်ပြီး သေဆုံးရသည့်အကြောင်း စုံစမ်းစစ်ဆေးပေးရန် သက်ဆိုင်ရာ ဒေသခံ စစ်တပ်ကို အကြောင်းကြားခဲ့သည်ဟု သိရသည်။

*"ခမရ ၃၁ က ပစ်တယ်ဆိုတာ ကျွန်တော်တို့ သိတယ်။ ဒါပေမယ့် လုပ်တဲ့ တာဝန်ခံ တပ်မှူးက ဘာမှ မတုန့်ပြန်ဘူး။ အလောင်းကို မီးရှို့လိုက်တယ်"* ဟု ယမန်နေ့ ညနေက ဆွေမျိုးတစ်ဦးက ပြောသည်။

ဇွန်လ ၁၆ ရက်တွင် သီးခြား စုံစမ်းစစ်ဆေးမှုတွင် လက်နက်ကြီး နှစ်ခုကို ခမရ ၃၁ မှ ထိုနေ့ နံနက်တွင် ပစ်ခတ်ခဲ့ကြောင်း ပေါ်ထွက်ခဲ့သည်ဟု ဒေသခံများက ပြောသည်။ သို့ရာတွင် မြို့ပြင်တွင် ပေါက်ကွဲမှုများ ကြားရသော်လည်း ထိခိုက်ဒဏ်ရာရရှိမှု ရှိမရှိ မသိရပေ။

မွန်ပြည်နယ် ရေးမြို့နယ်တွင် စစ်ကောင်စီ တပ်ဖွဲ့များ,သည် အရပ်သား ဧရိယာများကို တမင်သက်သက် ပစ်မှတ်ထားခဲ့ပြီး လက်နက်ကြီးများရမ်းသန်း ပစ်ခတ်ခဲ့မှုကြောင့် အပစ်မဲ့ ပြည်သူများ သေဆုံးမှု ဖြစ်ပွားစေသည်။ လွန်ခဲ့သည့် လေးရက်ခန့်က ရေးမြို့နယ်မြောက်ပိုင်း နှစ်ကရင် ကျေးရွာတွင် စစ်ကောင်စီတပ် လက်နက်ကြီး စခန်းမှ ပ်လွှတ်လိုက်သော လက်နက်ကြီးကြောင့် အရပ်သား အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး လူနှစ်ဦး ဒဏ်ရာရရှိကာ နေအိမ်နှစ်ခု ပျက်စီးခဲ့သည်။

ဒေသခံများအဆိုအရ ဇွန်လ ၁၆ ရက် ည ၉ နာရီက ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ တိုးချဲ့ ရပ်ကွက် အမှတ် ၁ တွင် တိုက်ပွဲ ဖြစ်ပွားခြင်းမရှိပဲ စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သောကြောင့် အရပ်သား တစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။

စစ်ကောင်စီ၏ ကျိုက်ထိုအခြေစိုက် လက်နက်ကြီးတပ်ရင်း အမှတ် ၃၁၀ မှ ပစ်ခတ်ခဲ့သော လက်နက်ကြီးများသည် ဦးဇင်ဘိုလတ်နှင့် ဦးရှိန်းကျော် တို့ အိမ်များအကြား ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေါ်အေးအေးနွယ် သေဆုံးခဲ့သည်။ သူမ၏ ခင်ပွန်း ဦးဇင်ဘိုလတ်၊ သမီး မသဇင်အောင်၊ ဦးရှိန်းကျော် နှင့် ဒေါ်ချိုမာသန်းတို့မှာ သူတို့၏ ခန္ဓာကိုယ်များတွင် ဒဏ်ရာများ သွေးခြေဥများ, ရရှိခဲ့ကြသည်။

“ဒီမှာ တိုက်ပွဲ ဖြစ်တာမရှိဘူး။ လက်နက်ကြီးကျည်ကြောင့် မိန်းမတယောက်သေတယ်။ အနားမှာရှိတဲ့ ကလေးတစ်ယောက်အပါအဝင် စုစုပေါင်း လူလေးယောက် ဒဏ်ရာရခဲ့တယ်။” ဟု ဒေသခံ တယောက်က ပြောသည်။

လွန်ခဲ့သည့် နှစ်လအတွင်း သထုံခရိုင်အတွင်း အနည်းဆုံး အရပ်သား ခြောက်ဦး သေဆုံးခဲ့ပြီး အခြား လူ ၂၀ မှာ လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ဒဏ်ရာ ရရှိခဲ့သည် ဟု ဆိုသည်။

၂၀၂၃ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်ခန့်တွင် မော်လမြိုင်မြို့အခြေစိုက် အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ စစ်ရဟတ်ယာဉ် MI-35 တစ်စီး ရောက်ရှိလာပြီး ရေးမြို့နယ် နှစ်ကရင်ကျေးရွာကို ဗုံးကြဲကာ စက်သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ရွာသားများ ထိခိုက်ဒဏ်ရာရ သေဆုံးခဲ့သည်။ ထို့ကြောင့် သေဆုံး စာရင်းမှာ ပိုမိုများပြားနိုင်သည်။ ရွာသား ၃၀ ခန့် ဒဏ်ရာရရှိပြီး အနည်းဆုံး နှစ်ဦး သေဆုံးကြောင်း သိရှိရပါသည်။ စာရင်းက ဒီထက် ပိုများနိုင်သည်။ ကွင်းဆင်းမှတ်တမ်းတင် အဖွဲ့က ဆက်လက် စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

“စစ်ကောင်စီက ရေးမြို့နယ်မြောက်ပိုင်း နှစ်ကရင်ကျေးရွာမှာ စစ်ကောင်စီက လေကြောင်းက တိုက်ခိုက်ခဲ့တာကြောင့် အရပ်သား ထိခိုက်သေဆုံးမှုတွေ ရှိတယ်။ အဲဒီ တိုက်ခိုက်မှုတွေက KNLA/PDF ပူးပေါင်းတပ်ဖွဲ့တွေနဲ့ စစ်ကောင်စီ တပ်ဖွဲ့တို့ ရေးမြို့နယ် နှစ်ကရင် ရွာမှာ တိုက်ပွဲ ဖြစ်ပြီးနောက်မှာ ဖြစ်ခဲ့တာပါ။ စစ်ကောင်စီ လက်နက်ကြီး တပ်ဖွဲ့ ၃၁၇ က လက်နက်ကြီး ၁၀ လုံးကျော် ပစ်ခဲ့တယ်။ နောက်ပြီး စစ်ကောင်စီရဲ့ MI35 ရဟတ်ယာဉ်ကလည်း နေ့လည် ၁၂ နာရီကနေ သုံးနာရီခွဲ အထိ ၂ နာရီကျော်အောင် ရွာကို ပစ်မှတ် အတိအကျမရှိပဲ ဗုံးကြဲခဲ့တယ်။” ဟု နယ်မြေအတွင်းရှိ အရေးပေါ်တုန့်ပြန်ရေး အဖွဲ့ဝင်များက အတည်ပြုသည်။

“ကျွန်တော်တို့ ပစ်ခတ်သံတွေ ဆက်တိုက်ကြားရတယ်။ လေကြောင်းတိုက်ခိုက်မှုအသံက နှစ်နာရီကျော်တယ်။” ဟု ရွာသား တစ်ယောက်က အတည်ပြုသည်။ “နှစ်ကရင် ရပ်ကွက် ၅ က ဘယ်သူမှ အိမ်ပြင်မထွက်နိုင်ဘူး။ တိုက်ခိုက်မှုကြောင့် အနည်းဆုံး အရပ်သား ၂ ယောက် သေပြီး အနည်းဆုံး လူ ၈ ယောက် ဒဏ်ရာရခဲ့တယ်။” ဟု သူက ဆက်ပြောသည်။ ရေး အရှေ့ပိုင်းဧရိယာများရှိ သူတို့၏ ထိန်းချုပ်နယ်မြေတွင် ကင်းလှည့်လျက်ရှိသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းမှ သတင်းရင်းမြစ်များက စစ်ကောင်စီတပ်ဖွဲ့များက ရဟတ်ယာဉ် နှစ်စီးဖြင့် ပျံသန်းလာပြီး နှစ်နာရီကြာအောင် နှစ်ကရင်က ရွာသားတွေကို သေဆုံး ဒဏ်ရာရစေခဲ့ကြောင်း ပြောပြသည်။

လက်ရှိတွင် အရပ်သား သေဆုံးမှုနှင့် တိုက်ပွဲ အသေးစိတ်အချက်အလက်များကို စုံစမ်းစစ်ဆေးဆဲ ဖြစ်သည်။ “မြေပြင်အခြေအနေက ရှုပ်ထွေးနေပြီး လုံခြုံရေးအားနည်းတာကြောင့် သတင်းထောက်တွေအနေနဲ့ အရပ်သား ထိခိုက်သေဆုံးမှု အရေအတွက် အတိအကျကို အတည်မပြုနိုင်သေးဘူး။ ရွာသားတွေ အများစုက နှစ်ကရင်ရွာ ဘုန်းကြီးကျောင်းမှ စုဝေးနေတာတော့ ကျွန်တော်တွေ့ခဲ့တယ်” ဟု ကွင်းဆင်း လုပ်သား တစ်ဦးက အခြေအနေကို ပြောပြသည်။

**တနင်္သာရီ တိုင်းဒေသကြီး**

- IDP 15,500+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 26 ဦးခန့်
- သေဆုံးသူ 10 ဦးခန့်

**ကရင်ပြည်နယ်**

**မွန်ပြည်နယ်**

တနင်္သာရီတွင် စစ်ကောင်စီသည် အညှာအတာမဲ့စွာ လူငယ်များအား ပစ်မှတ်ထားခဲ့သည်။ မေလ ၃၀ ရက်နေ့တွင် လူငယ်တစ်ဦးမှာ ထားဝယ်ခရိုင် ဘွမ်မော်ရပ်၊ စောမိညို လမ်းဆုံး အနီးတွင် လူငယ်နှစ်ဦးမှာ မည်သည့် ရာဇဝတ်မှုကိုမျှ မကျူးလွန်ပဲ ပစ်သတ်ခံရသည်။ အတည်ပြုထားသော စစ်တပ် အရင်းအမြစ်များက ကျူးလွန်သူများမှာ ကလိန်အောင် အခြေစိုက် ခလရ ၄၀၉ နှင့် ၄၁၀ တို့မှ ဖြစ်သည်။ ထားဝယ် ဇရစ်ရပ်ကွက်မှ အသက် ၃၇ နှစ်ခန့်ရှိ ကိုအောင်အောင်နှင့် ကိုဟိန်းဇော်အောင် တို့ကို မေလ ၃၀ ရက် ည ၉ နာရီခွဲ ပတ်ဝန်းကျင်တွင် ကင်းပုန်းဝပ်နေသော စစ်ကောင်စီ တပ်ဖွဲ့များက ပစ်သတ်ခဲ့သည်။

မော်တော်ဆိုင်ကယ်နှင့် အလောင်းများကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု ဒေသခံများက အတည်ပြုသည်။ စစ်ကောင်စီ၏ ပစ်သတ်ခံရသော လူနှစ်ဦးမှာ ထားဝယ်မြို့နယ်ရှိ ခွေးလေခွေးလွင့်များကို စောင့်ရှောက်သူများဖြစ်သည်ဟု ဆိုသည်။ သူတို့နှစ်ဦးမှာ ခွေးများကို အစာကျွေးနေစဉ် လမ်းတွင် ပုန်းနေသော စစ်ကောင်စီ စစ်သားများက ပစ်သတ်ခဲ့ခြင်း ဖြစ်သည်။

"သူတို့နှစ်ယောက်က စေတနာ့ဝန်ထမ်း အလုပ်တွေ လုပ်တယ်။ သူတို့က ပုံမှန်အားဖြင့် တိရစ္ဆာန်တွေကို သွားပြီး အစာကျွေးတွေ အထူးသဖြင့် ခွေးလေခွေးလွင့်တွေ။"

စစ်တပ်က အပြစ်ပေး အရေးယူခြင်း ခံရမှု မရှိပဲ ပြစ်မှုများကျူးလွန်နေကြောင်း ဖော်ပြနေသည့် သီးခြား ဖြစ်စဉ်တစ်ခုမှာ ဇွန်လ ၁ ရက်နေ့တွင် ထားဝယ်ခရိုင် ကလိန်အောင်မြို့နယ် အခြေစိုက် ခမရ (၄၁၀) တပ်ရင်းက ရွာသားတစ်ဦးကို သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ ဒေသခံများ အဆိုအရ ထို စစ်တပ်၏ ပစ်သတ်ခြင်း ခံရသူမှာ အသက် ၃၅ နှစ်အရွယ် ကိုနိုင်ဦးဖြစ်ပြီး ထိုသူတွင် မသန်စွမ်း ဖြစ်မှုများ ရှိနေသည်။ မကြာသေးမီက မွန်ပြည်နယ် ရေးမြို့မှ ကလိန်အောင်သို့ ပြောင်းရွှေ့ အခြေချနေထိုင်ခဲ့သည်။

*"သူက မွန်လူမျိုးပါ၊ ကလိန်အောင် အင်းကြာ အမှတ် ၄ ရပ်ကွက်မှာ မိသားစုနဲ့ နေပါတယ်။ သူက စိတ်ပိုင်းဆိုင်ရာ နာမကျန်းဖြစ်နေပြီး သူ့မိသားစုက ရိုးရာ ကုထုံးနဲ့ ကုဖို့ ဒီကို ခေါ်ခဲ့တာပါ။"* ဟု ဒေသခံ တစ်ဦးက ပြောသည်။

အလားတူပင် လမ်းပေါ်တွင် ခွေးများကို အစားကျွေးနေသည့် ထားဝယ်မြို့မှ မြို့ခံနှစ်ဦးမှာလည်း စစ်ကောင်စီ တပ်သားများမှ သေနတ်ဖြင့် ပစ်သတ်ခြင်းကို ခံကြရသည်။ ထို့နောက်တွက် သူတို့၏ မော်တော်ဆိုင်ကယ်များကိုလည်း သူတို့ အလောင်းများနှင့် အတူ မေလ ၃၀ ရက် ညတွင် မီးရှို့ခဲ့ကြသည်။

စစ်ကောင်စီ၏ ပစ်မှတ်မထားပဲ ရမ်းသန်း ပစ်ခတ်မှုများသည် တာဝန်ခံမှု မရှိပဲ အများအပြားဖြစ်ပွားလျက်ရှိသည်။ တနင်္သာရီမြစ်အတွင်း စက်လှေငယ်တစ်စင်းဖြင့် ခရီးသွားနေသည့် အမျိုးသားနှစ်ဦးကို စစ်ကောင်စီ တပ်ဖွဲ့များက ပစ်ခတ်ခဲ့ရာ တစ်ဦး သေဆုံးခဲ့သည်။ ဇွန်လ ၃ ရက်နေ့ ညနေ ၃ နာရီအချိန်က တနင်္သာရီမြစ်လက်တက်တွင် မြန်မာစစ်တပ်က လှေပေါ်မှ လူနှစ်ဦးကို ပစ်ခတ်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ဒေသခံများက ပြောပြသည်။ ညောင်ပင်ကုန်းကျေးရွာမှ ကန်တိုရွာဟောင်းသို့သွားသည့် စက်လှေငယ်တစ်စီးကို စစ်ကောင်စီတပ်များက သေနတ်ဖြင့်ပစ်ခဲ့သည်။ ကန်တိုကျေးရွာမှ ရွာသားတစ်ဦးဖြစ်သည့် အသက် ၃၀ ဝန်းကျင် ကိုအောင်ကျော်သည် သေနတ်ထိမှန်ပြီး ရေထဲပြုတ်ကျခဲ့သည်။

*“သူတို့က လှေငယ်လေးနဲ့ သွားနေတာ။ လှေပေါ်မှာ လူနှစ်ယောက်ပဲ ပါတယ်လို့ ကြားတယ်။ အဲဒီအချိန်က တိုက်ပွဲ ဖြစ်နေတာမျိုးမရှိဘူး။ စစ်ကောင်စီ စစ်တပ်က သူတို့ကို ဘာအကြောင်းမှ မရှိပဲ ပစ်သတ်ခဲ့တာ”* ဟု ဒေသခံ တစ်ဦးက ပြောသည်။ ပစ်ခတ်ခံရသူ၏ အလောင်းမှာ ရေထဲ မြုပ်သွားခဲ့ပြီး ဆင်ဒင်းရွာ အနီးတွင် ပြန်လည် တွေ့ရှိခဲ့သည်။

ပစ္စည်းဥစ္စာများ ဖျက်ဆီးခြင်းသည်လည်း ချိုးဖောက်ကျူးလွန်ခံနေရသော ဆက်လက်ဖြစ်ပွားနေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ခု လည်းဖြစ်သည်။ ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ဥတ္တကျေးရွာတွင် နေအိမ်နှစ်လုံးကို စစ်ကောင်စီက ဝင်ရောက်စီးနင်း မီးရှို့ဖျက်ဆီးခဲ့ပြီး ရွာသားနှစ်ဦးကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့သည်။ ဇွန်လ ၆ ရက်နေ့ နံနက်

၅ နာရီတွင် မြန်မာစစ်တပ် ခြေမြန်တပ်ရင်း အမှတ် (၄၀၇) တပ်ရင်းမှ နေအိမ် ၂ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု ဒေသခံများက ပြောသည်။ မြို့တွင်းသို့ ဝင်ရောက်သည့်အခါ လယ်ကွင်းအတွင်း ငါးဖမ်းနေသည့် ရွာသားနှစ်ဦးကိုလည်း လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဥတ္တကျေးရွာတောင်ဘက်တစ်နေရာကို မီးရှို့ခဲ့ပြီး ရွာဘုန်းကြီးကျောင်းအနီးတွင်လည်း နံနက် ၈ နာရီခန့်တွင် မီးရှို့ခဲ့သည်။

*“ပထမမီးရှို့တဲ့ အိမ်ကို ဖျက်ဆီးခဲ့တယ်။ နောက်ထပ် အိမ်နှစ်လုံးကို မီးရှို့ပြီး နောက်ထပ် အိမ်တစ်လုံးလည်း မီးလောင်သွားခဲ့တယ်။”* ဟု ဒေသခံ တစ်ဦးက ပြောသည်။

ခုခံကာကွယ်ရေး အဖွဲ့များအား ထောက်ခံသူများမှာ ပိုမို ပစ်မှတ်ထားခံရသည်။ ဇွန်လ ၈ ရက် ည ၁၁ နာရီတွင် ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ် ကလိန်အောင် ရပ်ကွက် ၃ မှ အမျိုးသမီးတစ်ဦးကို PDF များနှင့် ဆက်သွယ်သည်ဟု စွပ်စွဲခံရပြီး စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ထိန်းသိမ်းခံရသူမှာ အသက် ၃၅ နှစ်အရွယ် မချိုဦး ဖြစ်သည်။

“သူက ကလိန်အောင်က သူ့အိမ်မှာ ဆောက်လုပ်ရေး ပစ္စည်းတွေ ရောင်းတယ်။ သူ့ကို စစ်ကောင်စီ ခလရ ၄၁ဂ ခေါ်သွားပြီး စစ်ကြောရေး လုပ်ခဲ့တယ်။”

လနောက်ပိုင်း ရောက်လာသည်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း အကြမ်းဖက်မှုများ ပိုဆိုးလာခဲ့သည်။ ဒေသခံများအဆိုအရ ဇွန်လ ၁၁ ရက် မွန်းလွဲပိုင်းတွင် ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ် ယာငယ်ရွာမှ စစ်ရှောင် တစ်ဦးဖြစ်သော လူငယ် တစ်ဦးကို စစ်ကောင်စီ တပ်ဖွဲ့များက ပစ်သတ်ခဲ့သည်။ မင်းတပ်၊ တိုင်ကုန်း၊ ကမြိုင်၊ ယာငယ်၊ ကျောက်ခမောက်၊ ကျောက်မင်းကုန်းနဲ့ ကနက်သီရိစသည့်ရွာများကို ဝင်ရောက်စီးနင်းသည်ကို ပြန်လည်တိုက်ခိုက်ရင်း ထွက်ပြေးသည့် အပြစ်မဲ့ ရွာသားတစ်ဦးကို စစ်ကောင်စီ တပ်သား ၁ဂဂ ကျော်က သေနတ်ဖြင့် ဝိုင်းဝန်း ပစ်ခတ်ခဲ့သည်။

သတ်ဖြတ်ခံရသူမှာ အသက် ၂၃ နှစ်အရွယ် ကိုဝေယံဟိန်းဖြစ်ပြီး စစ်ကောင်စီ တပ်ဖွဲ့များ သရက်ချောင်းမြို့နယ် ယာငယ်ရွာကို စစ်ကောင်စီ က ရောက်ရှိလာသည့်အခါ သူ့မိသားစုနှင့်အတူ ဘေးကင်းလုံခြုံသော နေရာသို့ ထွက်ပြေးစဉ် ပစ်သတ်ခံလိုက်ရခြင်း ဖြစ်သည်။ ယငယ် ရွာသားတစ်ဦး ပြောဆိုချက်အရ သူက နေမကောင်းဖြစ်နေသည့် မိခင်အတွက် ဆေးဝါးကို နေအိမ်တွင် ပြန်လည်သွားရောက် ယူနေစဉ်စစ်ကောင်စီတပ်ဖွဲ့က ပစ်သတ်ခဲ့ခြင်း ဖြစ်သည်။

“သူကလည်း တိုက်ပွဲထဲက လွတ်တယ်။ သူ့အမေက နေမကောင်းတော့ အိမ်ပြန်ပြီး ဆေးသွားယူတာ။ အဲဒီအချိန်မှာ စစ်ကောင်စီ တပ်ဖွဲ့တွေက သူတို့အိမ်ကို လာတဲ့ အချိန်ဖြစ်ပြီး စစ်သားတွေကို အိမ်နောက်မှာ ပုန်းနေတာကို တွေ့ပြီး ပစ်သတ်ခံရတာ” ဟု ဒေသခံ

တစ်ဦးက ပြောသည်။

ပစ်သတ်ခံရသည့် ကိုဝေယံဟိန်း၏ အလောင်းကို စစ်ကောင်စီ တပ်ဖွဲ့များက သူ၏ နေအိမ်အနောက်တွင် ချန်ထားခဲ့သည်။ ထို့အပြင် စစ်ကောင်စီ တပ်ဖွဲ့များက ရွာအတွင်းရှိ အနည်းဆုံး အိမ်လေးလုံးကို မီးရှို့ခဲ့ပြီး ကနက်သီရိရွာကို ထွက်သွားခဲ့သည်ဟု ဒေသခံများက ပြောသည်။ မီးရှို့ခံရသည့် အိမ်များထဲတွင် ကိုဝေယံဟိန်း၏ ဦးလေးဖြစ်သူ၏ နေအိမ်လည်း ပါဝင်သည်။

ထို့အပြင် ကနက် သီရိရွာတွင်လည်း အိမ်နှစ်လုံးနှင့် ပရိဘောဂ်ကား တစ်စီးကို ဇွန် ၁၁ ရက် မွန်းတည့်ချိန်တွင် ထပ်မံ မီးရှို့ခဲ့သည်ဟု ဒေသခံများက အစီရင်ခံသည်။ မြေပြင် သတင်းများအရ စစ်ကောင်စီ တပ်ဖွဲ့များက ကလေးများ, အပါအဝင် ရွာခံ လူ ၄ဂ ကျော်ကို ထိန်းသိမ်းခဲ့သည်။ သုံးဦးမှာ ဇွန်လ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးခံရပြီး ကျောက်မင်းကုန်းရွာမှ ဖြစ်သည်။ ကနက်သီရိနှင့် ယာငယ်ရွာများအပါအဝင် ကျေးရွာခြောက်ရွာမှ အိမ်ခြေ ၃ဂဂဂ ခန့်မှာ နှစ်ဘက် တိုက်ခိုက်မှုများကြောင့် အခမ္မ ရွှေ့ပြောင်းကြရသည်။

စစ်ကောင်စီ၏ ခမရ ၄၁၀ က ငွေကြေး အများအပြား တောင်းခံပြီးနောက် ရေဖြူမြို့နယ် ကလိန်အောင်မှ ဇွန်လ ၈ ရက်နေ့ညက ဖမ်းဆီးထားသည့် ဒေသခံ အချို့ကို ပြန်လွှတ်ပေးခဲ့သည်။ သို့ရာတွင် မိသားစုဝင် သတင်းရင်းမြစ်များ အဆိုအရ စစ်ကောင်စီ တပ်များက သူတို့ ဆက်လက် စစ်မေးလိုသော လူနှစ်ဦးကို ဆက်လက် ထိန်းသိမ်းထားသည်။

ဇွန်လ ၁၃ ရက် ညတွင် ရပ်ကွက် ၃ မှ ကုန်စုံဆိုင်ပိုင်ရှင် မချိုချိုဦး အပါအဝင် ကလိန်အောင် နယ်မြေတစ်ခုလုံးမှ လူ ၁၁ ဦး ဖမ်းဆီးခေါ်ဆောင်ခြင်း ခံရသည်။ ခေါ်ဆောင်ခံရသူများ နှင့် နီးစပ်သော သတင်းရင်းမြစ်များက ရက်အနည်းငယ် နှိပ်စက် ထိန်းသိမ်းထားပြီးနောက် မိသားစု ဝင်များက တောင်းဆိုသော ငွေပေးပြီးသည့်နောက်တွင် သူတို့ ပြန်လွှတ်လာကြ သည်။

"စစ်ကောင်စီက သူတို့ကို စတင် ဖမ်းဆီးချိန်မှ စ၍ ဖမ်းဆီးခံရသူများမှာ နေရာ ၃-၄ နေရာ ရွှေ့ပြောင်းခဲ့ရတယ်။ မျက်နှာတွေမှာ အဝတ်တွေ အုပ်ထားတယ်၊ ဒါကြောင့် သူတို့ ဘယ် ရောက်နေတယ်ဆိုတာ သူတို့ မသိဘူး၊ နောက်ဆုံး သူတို့ မှတ်မိတဲ့နေရာက ၄၁၀ တပ်ရင်း ရဲ့ စစ်တန်းလျားတစ်ခု ဖြစ်တယ်။ သူတို့ကို ငါးရက်ကြာအောင် စစ်မေးခဲ့တယ် ရိုက်လိုက်၊ မေးလိုက်၊ ခြေထောက်နဲ့ ကန်လိုက်လုပ်တယ်။ စစ်သားတွေကပဲ အမျိုးသမီးတွေကို စစ်မေး တယ်။" ဟု ထွက်ပြေးလွတ်မြောက်လာသူ မိသားစုဝင်များနှင့် နီးစပ်သော ဒေသခံ သတင်း ရင်းမြစ်များက ပြောသည်။

သူတို့က ဖမ်းဆီးထားသူများကို ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့များနှင့် အဆက်အသွယ်ရှိသည် ဟူသော စွပ်စွဲချက်များဖြင့် သီးခြားစီ စစ်ဆေးမေးမြန်းခဲ့ပြီး ထိုသူများထဲမှ ငွေကြေးရှိသည်ဟု ယူဆသူများအား ကျပ် ၁၀ သိန်းစီဖြင့် ရွေးခိုင်းပြီး ပြန်လွှတ်ပေးခဲ့သည်။

မတ်လ အစောပိုင်းက ရေဖြူမြို့နယ်ရှိ ကလိန်အောင် တံတားထိပ် စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံခဲ့ရသည့် အမျိုးသမီးငယ်နှစ်ဦးမှာ လွတ်မြောက်လာခြင်းမရှိသေးပဲ ပျောက်ဆုံးနေဆဲ ဖြစ်သည်။

# အဓိက တွေ့ရှိချက်များ

1. ပစ်မှတ်ဧရိယာများအားလုံးတွင် ငွေဖောင်းပွမှုသည် အရပ်သားများအားသူတို့၏ အခြေခံ လိုအပ်ချက်များ ပြည့်မီမှု မရှိနိုင်စေသည့် အလုံးစုံ ပျက်သုန်းစေသော အကြောင်းရင်း ဖြစ်လာနေခဲ့သည်။

2. မွန်အမျိုးသမီး အဖွဲ့များက အာဏာပိုင်များက မည်သို့မှ အရေးယူခြင်းမရှိပဲ မွန်ပြည်နယ် တစ်လွှားကျေးရွာများတွင် ကလေးသူငယ် လိင်ပိုင်းဆိုင်ရာ ချိုးဖောက်မှုများ များပြားလာနေသည်ကို သတိပေးထားသည်။

3. အရပ်သားများထံမှ ငွေညှစ်ခြင်းများ ဆက်ဖြစ်နေသည်။ သံဖြူဇရပ်နေ ပြည်သူများမှာ မိုင်းပေါက်ကွဲမှုကြောင့် ပျက်စီးသွားသောခရိုင်အုပ်ချုပ်ရေး ရုံးကို ပြန်လည်တည်ဆောက်ရန်အတွက် ရပ်ကွက် အုပ်ချုပ်ရေး ဥက္ကဋ္ဌက ပြည်သူများထံမှ ဥပဒေမဲ့ ၏ ငွေကြေးကောက်ခံမှုများ ရှိနေကြောင်း ပြောသည်။

4. မွန်အမျိုးသမီးအဖွဲ့အစည်းများက မွန်ပြည်နယ်အတွင်းရှိ ရွာများတွင် ကလေးသူငယ်လိင်ဆိုင်ရာ ချိုးဖောက်မှု ဖြစ်ရပ်များ တိုးများလာနေပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်ခြင်းမရှိကြောင်း သတိပေးထားသည်။

5. မတည်ငြိမ်မှုနှင့် တင်းမာမှုများက လူများအား သူတို့၏ အိုးအိမ်များအား စွန့်ခွာစေခြင်းကြောင့်တိုက်ပွဲများသည် မြန်မာနိုင်ငံတွင်ပြည်တွင်း အစမ့်ရွှေ့ပြောင်းစေမှုများကို ဖြစ်ပွားစေသည်။

6. ရဲနှင့် စစ်ကောင်စီ ကျောထောက်နောက်ခံ ပြုထားသော ပြည်သူ့ စစ်များက တစ်အိမ်တက်ဆင်း စစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်နေပြီး သူတို့ အလိုရှိသော လူစာရင်းတွင် ပါဝင်သူများကို လိုက်လံ ဖမ်းဆီးလျက်ရှိသည်။

7. မော်တော်ဆိုင်ကယ်များ၊ လက်ကိုင် ကိရိယာများ နှင့် ငွေကြေးတို့ကို အဓိက လမ်းမကြီးများတလျှောက် တမင်သက်သက် ဂိတ်များဖွင့်လှစ်ပြီး အရပ်သားများ ထံမှ သိမ်းယူခြင်း၊ ငွေညှစ်ခြင်းတို့ကို ပုံမှန်ပြုလုပ်နေသည်။ အရပ်သားများမှာ သူတို့၏ ကိုယ်ပိုင် ပစ္စည်းများ ပြန်လည်ရရှိရန်အတွက် အလွန်အကျွံလာဒ်ငွေ ပေးနေကြရသည်။ သို့ရာတွင် အချို့သာ မြင့်မားလှသော ကုန်ကျစားရိတ်ကို တတ်နိုင်ကြသည်။

8. မြန်မာနိုင်ငံတွင် နှင့် ပစ်မှတ် ဧရိယာများ တလျှောက် နှိပ်စက်ညှဉ်းပမ်းမှုမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေပြီး အချက်အလက်ရယူရန်အတွက် အပြစ်မဲ့ အရပ်သားများမှာ ကြမ်းကြုတ်ကြောက်မက်ဖွယ်ကောင်းသော အပြုအမူများကို ခံစားနေကြရသည်။

9. ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အာဆီယံ အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် မြန်မာနိုင်ငံ မြေပြင်တွင် ဖြစ်ပွားနေသော အခြေအနေများအပေါ် စစ်အုပ်စုအတွက် အရေးပေါ် အာရုံစိုက်မှုနှင့် နောက်ဆက်တွဲများအတွက် တောင်းဆိုရန် လိုအပ်ချက်များကို မြန်မြန်ဆန်ဆန် တုံ့ပြန်နိုင်စွမ်းမရှိပဲ ဖြစ်နေသည်။

10. စစ်တပ်၏ ကျူးလွန်မှုများအပေါ် အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခြင်းသည် တပ်မတော်ကို ကိုယ်စားပြုသော အဖွဲ့အစည်းများတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေပြီး ယင်းသည် စစ်အုပ်စုအား လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက် ကျူးလွန်နေစေသည်။

11. ကလေးများသည် စစ်အုပ်စု၏ ပစ်မှတ်ထားခြင်းကို ခံနေကြရပြီး ဆေးကုသမှု၊ အစားအစာ၊ ပညာရေး နှင့် ဘေးကင်းလုံခြုံစွာ နေထိုင်ခွင့် အပါအဝင် သူတို့၏ အခြေခံ လိုအပ်ချက်များ ဆုံးရှုံးနေသည်။

12. ဝရမ်းမဲ့ စီးနင်းဝင်ရောက်ခြင်းနှင့် အရပ်သား ဧရိယာများကို ပစ်မှတ်သတ်သတ်မှတ်မှတ် မထားပဲ ရမ်းသန်း ပစ်ခတ်ခြင်းတို့ကြောင့် စစ်အုပ်စု၏ ဥပဒေမဲ့ ဖမ်းဆီးခြင်းများ နှင့် ဥပဒေမဲ့ ထိန်းသိမ်းခြင်းများ ဆက်လက်ဖြစ်ပွားနေသည်။

# အကြံပြုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

1. ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် မြန်မာနိုင်ငံ မြေပြင်ရှိ အခြေအနေကို ချက်ချင်း နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွဲပြောင်းရမည်။

2. လူသတ် စစ်အုပ်စု၏ လက်တွင်းသို့ လက်နက်များ စီးဆင်းမှုကို တားဆီးရန် အရေးပေါ် ကမ္ဘာ တဝှမ်း လက်နက်ပိတ်ဆို့မှုကို ချမှတ်ရန်အတွက် ကမ္ဘာတဝှမ်း သက်ဆိုင်သူများက အခိုင်အမာ ပူးပေါင်းဆောင်ရွက် သွားရန်။

3. မြန်မာနိုင်ငံတွင် အထူးသဖြင့် အပြစ်မဲ့ အရပ်သားများအကြားတွင် သိသာထင်ရှားစွာ လူ့အသက် သေဆုံးမှုများကို ဖြစ်စေသော လေကြောင်းတိုက်ခိုက်မှုများကို ထိရောက်စွာ အဆုံးသတ်သွားစေရန် လေယာဉ်ဆီ အရေးယူ ပိတ်ဆို့မှု ပြုလုပ်ရန်။

4. စစ်အုပ်စု အရာရှိများနှင့် သူတို့၏ မိသားစုများ၏ ဘဏ္ဍာရေး ပိုင်ဆိုင်မှုများ၊ ပစ္စည်းဥစ္စာများကို တားမြစ်ပြီး ချစားသော စီးပွားရေး လုပ်ငန်းများကို နိုင်ငံခြား တိုင်းပြည်များနှင့် လုပ်ဆောင်ခြင်း မပြု နိုင်စေရန် သူတို့အပေါ် ပစ်မှတ်ထား အရေးယူ ပိတ်ဆို့မှု ပြုလုပ်ရန်။

5. တိုက်ခိုက်မှု ဘေးအန္တရာယ် ကြုံတွေ့နိုင်သည့် အရပ်သားများအား အာမခံချက်ပေးနိုင်သည့် ကာကွယ်ရေး ယန္တယားများကို အားဖြည့်ခြင်း အသစ်တဖန် တည်ဆောက်ခြင်းအားဖြင့် သူတို့ အနေဖြင့် တရားမျှတမှုကို ရရှိနိုင်စေပြီး တာဝန်ခံမှု လမ်းကြောင်းများကို ရရှိစေနိုင်သော အနေအထားကို ရောက်စေရန်။

6. မြေပြင်တွင် ၎င်းတို့၏ လူထု အသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို တုန့်ပြန်လျက် ရှိသည့် ဒေသခံ အဖွဲ့အစည်းများအတွက် ရံပုံငွေ ပံ့ပိုးမှုများကို အသစ်ထပ်ဆောင်ရန်နှင့် ဆက်လက် ပံ့ပိုး သွားရန်။ နယ်စပ်ဖြတ်ကျော်သော လမ်းကြောင်းများကို ရရှိစေပြီး လူသားချင်းစာနာမှု အထောက် အပံ့များအားလုံးကိုဒေသခံ လှုပ်ရှားသူများ၏ လက်တွင်သာ ရှိစေရန်။

7. မြန်မာနိုင်ငံအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် သူတို့၏ လုပ်ငန်းများကို ချက်ချင်း ရပ်တန့် ပြီး နိုင်ငံအတွင်း ဖွံ့ဖြိုးရေး စီမံကိန်းများတွင် သူတို့၏ ပါဝင်မှုများကို ရုတ်သိမ်းရန်။ ယင်းတို့တွင် လေဆိပ်များ၊ သင်္ဘောဆိပ်များနှင့် ဘိလပ်မြေ လုပ်ငန်းများပါဝင်ပြီး ၎င်းတို့ချည်းသာဟု မဆိုလိုပေ။

8. စစ်ကောင်စီ၏ နှိပ်စက်ညှင်းပမ်းမှုအား အသုံးပြုမှုကို ရုတ်တရက်နှင့် ချက်ချင်း ရပ်တန့်ရန်နှင့် မြန်မာနိုင်ငံတွင် သေဆုံးသည်အထိ နှိပ်စက်ညှင်းပမ်းခံရသော အရပ်သားများ ဥပဒေမဲ့ သေဆုံးမှု ကိုသာမက စိတ်ဒဏ်ရာ ခံစားရစေပြီး ရလာဒ်အားဖြင့် ရေရှည်တွင် ဒဏ်ရာများ ရရှိသော သူများ၏ ဖြစ်ရပ်များကို သက်သေပြသရန်အတွက် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန်လည်း မိမိတို့ တောင်း ဆိုသည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇွန်လ ၂၀၂၃

Human Right Foundation of Monland June,2023